ကြေးမုံ

The Mirror

၁၃၇၀ ပြည့်နှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၂ ရက်၊ စနေနေ့၊ (11-4-2009) (မ၀၁၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံ၌ ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ပို့ဆောင်နှုတ်ဆက်

နေပြည်တော် ဧပြီ ၁၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အပီဆစ်ဝဲ့ချာချီဝ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ပတ္တရားမြို့၌ ကျင်းပမည့် (၁၂)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေး၊ (၁၂)ကြိမ်မြောက် အာဆီယံ-ကိုရီးယား ထိပ်သီးအစည်းအဝေး၊ (၁၂) ကြိမ်မြောက် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေး၊ (၁၂)ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေး၊ (၇)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေး၊ (၄)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေးနှင့် တတိယအကြိမ်မြောက် အာဆီယံ-ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ယနေ့ နံနက် ၁၀ နာရီတွင် အထူးလေယာဉ်ဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ***

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံ ပတ္တရားမြို့၌ ကျင်းပမည့် (၁၂)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီး အစည်းအဝေး၊ (၁၂)ကြိမ်မြောက် အာဆီယံ-ကိုရီးယား ထိပ်သီးအစည်းအဝေး၊ (၁၂)ကြိမ်မြောက် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေး၊ (၁၂)ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေး၊ (၇)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေး၊ (၄)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေးနှင့် တတိယအကြိမ်မြောက် အာဆီယံ- ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ထိုင်းနိုင်ငံသို့ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ကြေးမုံ The Mirror
၁၁-၅-၂၀၀၉
(စနေနေ့)

တစ်ကိုယ်ရေကျန်းမာမှု အစဉ်ဂရုပြု

အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက်များ လိုက်နာ

ကျန်းမာကြံ့ခိုင်ရေးသည် လူတိုင်းဂရုပြုကြရမည့် အချက်ဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူများအားလုံး ကျန်းမာကြံ့ခိုင်ရေးကို အလေးထားပြီး လူတိုင်း သက်တမ်းစေ့ အသက်ရှင်နေနိုင်ရေး၊ ရောဂါဘယ ကင်းရှင်းစေရေးတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများ ရောဂါဘယကင်းဝေးစေရေးအတွက် ကြိုတင်ကာကွယ်ရေး ပညာပေးဗဟုသုတများ၊ အချိန်ရာသီအလိုက် သတိပေးနှိုးဆော်ချက်များကို ထုတ်ပြန်ပေးလျက်ရှိရာ ပြည်သူများအပိုင်းကလည်း စနစ်တကျ လိုက်နာနေထိုင် သွားလာကြရမည်ဖြစ်သည်။

ယခုအခါ နွေရာသီရောက်ရှိလာ၍ ရာသီဥတုပူပြင်းလာပြီဖြစ်သည်။ ရက်ပိုင်းအတွင်း မိုးလေဝသတိုင်းထွာချက်များအရ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်ကြောင်း သိရသည်။ ရာသီဥတု ပူပြင်းလာမှုကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသဖြင့် ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် မိတ်နှင့်ယားဖုများထွက်ခြင်းတို့ ဖြစ်နိုင်သည်။

ပြည်သူများအနေဖြင့် နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်း၊ ခေါင်းလျှော်ခြင်း၊ နေ့ဘက်တွင် ပူလွန်းသဖြင့် မြစ်ချောင်းထဲ ရေဆင်းကူးခြင်း၊ ညဘက်၌ ဖျာပေါ်တွင် ရေဖျန်းခြင်း၊ အဝတ်ကိုရေဆွတ်၍ ခြုံအိပ်ခြင်းများကို ရှောင်ကြဉ်ကြရမည်ဖြစ်သည်။ ထို့အပြင် အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေပြီး ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်သည်။

နေ့ခင်းဘက်တွင် အပြင်ထွက်သည့်အခါတိုင်း အပူဒဏ်ကာကွယ်နိုင်ရေးအတွက် ထီး၊ ဦးထုပ်များဆောင်းခြင်း၊ အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များ ဝတ်ဆင်ခြင်း၊ ပွပွချောင်ချောင် အဝတ်အထည်များ ဝတ်ဆင်ခြင်းတို့ကို ပြုလုပ်ကြရမည်ဖြစ်သည်။

အပူဒဏ်ကြောင့် ကိုယ်အပူချိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ခြင်း၊ မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ကြရမည်ဖြစ်သည်။အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း၊ သတိလစ်ခြင်းနှင့်အတက်ရောဂါဖြစ်ကနီးစပ်ရာကျန်းမာရေးဌာနတွင် ပြသကြရမည်ဖြစ်သည်။

သို့ဖြစ်၍ ပြည်သူများအားလုံးက မိမိတို့၏ တစ်ကိုယ်ရေကျန်းမာမှုကို အစဉ်ဂရုပြုပြီး ကျန်းမာရေးဝန်ကြီးဌာန၏ အပူဒဏ်ကာကွယ်ရေး အသိပညာပေး နှိုးဆော်ချက်များနှင့်အညီ သတိပြုလိုက်နာ နေထိုင်သွားလာကြခြင်းဖြင့် ကျန်းမာခြင်းသုခနှင့် ပြည့်စုံကြမည်ဖြစ်ပါသည်။ ။

လှိုင်သာယာမြို့နယ်ဥက္ကဋ္ဌဖလား ဘော်လီဘောပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် မေ ၁၀

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်းစုံ အမျိုးသားအလွတ်တန်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မေ ၈ ရက် ညနေ ၅ နာရီက (၆)ရပ်ကွက် ဖွံ့ဖြိုးအောင် အိမ်ရာအနီးရှိ မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။ နောက်ဆုံးဗိုလ်လုပွဲအဖြစ် (၁၃)ရပ်ကွက် ဘော်လီဘောအသင်းနှင့် (၁၄)ရပ်ကွက် ဘော်လီဘောအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ (၁၃)ရပ်ကွက်အသင်းကို (၁၄)ရပ်ကွက်အသင်းက သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရရှိ ဗိုလ်စွဲသွားသည်။ ထို့နောက် ပထမဆုရရှိသော (၁၄)ရပ်ကွက် ဘော်လီဘောအသင်းအား ပြိုင်ပွဲကျင်းပရေးကော်မတီ နာယက၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်သိန်းမောင်က ဆုဖလားနှင့် ငွေကျပ်နှစ်သိန်းကို ပေးအပ်ချီးမြှင့်ပြီး**(အပေါ်ပုံ)** ပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အတွင်းရေးမှူး ဦးအေးမြင့်က ဒုတိယဆုရရှိသော (၁၃)ရပ်ကွက် အသင်းအား ငွေကျပ်တစ်သိန်းငါးသောင်းကိုလည်းကောင်း၊ တတိယဆုရရှိသော (၆)ရပ်ကွက်အသင်းအား ပြိုင်ပွဲကျင်းပရေးကော်မတီဝင် ဒိုင်ချုပ် ဦးမြင့်ဌေးက ငွေကျပ်တစ်သိန်းကို အသီးသီး ပေးအပ်ချီးမြှင့်လိုက်ကြောင်း သိရသည်။

(၄၉)

မော်လမြိုင်၌ ယာဉ်စည်းကမ်းများ ရှောင်တခင်စစ်ဆေး

ရန်ကုန် မေ ၁၀

မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအေးရွှေ အနီးကပ်ကြီးကြပ်လျက် မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အောင်သိန်း၊ မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်အေး၊ မြို့မရဲစခန်း၊ ဒိုင်းဝန်ကွင်း ရဲစခန်းမှ စခန်းမှူးများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များသည် မော်လမြိုင်သံလွင်တံတားထိပ် ဆွမ်းအုပ်အဝိုင်းတွင် မတ် ၂၀ ရက်က မော်တော်ယာဉ်များ ယာဉ်စည်းကမ်းလိုက်နာမှု ရှိ၊ မရှိ ရှောင်တခင်စစ်ဆေးကြသည်။

(၃၉၃)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၀

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းသည် မတ် ၂၉ ရက် မွန်းလွဲပိုင်းတွင် ဖားကန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဥရုရတနာခန်းမ၌ မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများအား တွေ့ဆုံသည်။

တိုင်းမှူးသည် မတ် ၃၀ ရက် နံနက်ပိုင်းတွင် ဖားကန့်မြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ လူနာများအား ထောက်ပံ့ငွေများပေးအပ်ကာ ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ရဲတပ်ဖွဲ့စခန်း၌ တပ်ဖွဲ့ဝင်မိသားစုများအား လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးသည် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအားတွေ့ဆုံ၍ ဟောင်းပါးကျေးရွာအုပ်စုရှိ (၂၅)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ဆောက်လုပ်မှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ထို့နောက် တိုင်းမှူးသည် တာမခံ-ဟောင်းပါး-လုံးတုံကားလမ်းပိုင်းရှိ နန့်ရေတောင်ချောင်းကူးတံတားနှင့် ဟောင်းပါး ကျေးရွာအုပ်စု နားလိုင်းစိုင်ကျေးရွာရှိ လယ်မြေတိုးချဲ့ဖော်ထုတ်ရေး စခန်းတို့ကို ကြည့်ရှုစစ်ဆေးကာ ဆယ်ဇင်းကျေးရွာ၌ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

မတ် ၃၁ ရက်တွင် နန့်ယားချောင်းမှ ရေလွှဲဆည် တည်ဆောက်မည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဟိုပင်မြို့နယ် လယ်မှီကျေးရွာ၌ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ၏ စိုက်ပျိုးရေးဆိုင်ရာတင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် မိုးကောင်းမြို့နယ် အင်ကြင်းကုန်းကျေးရွာသို့ ရောက်ရှိပြီး ဒေသခံတောင်သူများအား တွေ့ဆုံ၍ လွယ်လောရွာ နွေစပါးစိုက်ခင်း ရေတင်ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရောင်ခြည်ဦး စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၁၀

သရက်မြို့နယ် မင်းတည်းကျေးရွာ ရောင်ခြည်ဦး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၈ ရက်က ကျင်းပရာ သရက်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးလွင်၊ ကျေးရွာ ဥက္ကဋ္ဌ ဦးရွှေဆန်းနှင့် မြို့နယ်ပြန်/ဆက် ဦးစီးမှူးဒေါ်မြင့်မြင့်ဆွေ တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူးက စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေက သုတ၊ ရသစာအုပ် မျိုးစုံ ၆၀ နှင့် (ရုံးချုပ်)မှ လှူဒါန်းသည့် သတင်းစာတစ်နှစ်စာကို ကျေးရွာဥက္ကဋ္ဌ ဦးရွှေဆန်းထံ ပေးအပ်လှူဒါန်းသည်။

(ခရိုင်ပြန်/ဆက်)

အခြေခံ အင်္ဂလိပ်စကားပြော သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် မေ ၁၀

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ ဌာနတွင်းအခြေခံအင်္ဂလိပ်စကားပြောသင်တန်း အမှတ်စဉ်(၂/၂၀၀၉) သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၈ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိဝန်ကြီးရုံး၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းတွင် ထူးချွန်ဆုရရှိသူများနှင့် သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၅ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

နေပြည်တော် မေ ၁၀

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဖူးခက်မြို့၌ မေ ၅ ရက်မှ ၈ ရက်အထိ ကျင်းပသည့် (၄၄)ကြိမ်မြောက် အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများအဖွဲ့ ညီလာခံနှင့် စတုတ္ထအကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးအဖွဲ့ အစည်းအဝေးတို့သို့တက်ရောက်ခဲ့ပြီး ယမန်နေ့ နံနက် ၉ နာရီတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

ဝန်ကြီးဒေါက်တာချမ်းငြိမ်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် အဆိုပါအစည်းအဝေးများတွင် မြန်မာနိုင်ငံ၏ ပညာရေးဖွံ့ဖြိုးမှုနှင့် ပညာအရည်အသွေးမြှင့်တင်ရေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ထိုင်းနိုင်ငံ ဖူးခက်မြို့၌ကျင်းပသည့် (၄၄)ကြိမ်မြောက် အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများအဖွဲ့ ညီလာခံနှင့် စတုတ္ထအကြိမ်မြောက် အာဆီယံ ပညာရေးဝန်ကြီးအဖွဲ့ အစည်းအဝေးတို့သို့ တက်ရောက်ပြီး နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ကြိုဆိုသူများနှင့် အတူ တွေ့ရစဉ်။ (သတင်းစဉ်)

တိုက်ကြီး မြို့မဈေးကြီး မီးဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ရန်ကုန် မေ ၁၀

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) သူရဦးမြင့်သူသည် မတ် ၂ ရက်က တိုက်ကြီးမြို့မဈေးကြီးအတွင်း လျှပ်စစ်မီးကြိုးများ အသစ်ပြန်လည်သွယ်တန်းခြင်း ဆောင်ရွက်နေမှုကို ဈေးမိ၊ ဈေးဖများနှင့်အတူ ကြီးကြပ်ဆောင်ရွက်၍ ဈေးမီးဘေး ကြိုတင်ကာကွယ်ရေးအတွက် ထားရှိရမည့်ပစ္စည်းများဖြစ်သည့် အရန်မီးသတ်ရေကန်တွင် ရေအပြည့် ရှိ၊ မရှိ၊ မီးသတ်ရေငုတ်များ၊ မီးသတ်ဆေးဘူးများ ကောင်းမွန်မှု ရှိ၊ မရှိတို့ကို စစ်ဆေးခဲ့ပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဆွေမြင့်၊ ဈေးမိဈေးဖဥက္ကဋ္ဌ ဦးအောင်မြင့်နှင့်အတူ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့ဝင်များ၏ မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့် သရုပ်ပြခြင်းကို ကြီးကြပ်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**



(မြို့နယ်စည်ပင်)

✻ ရှေ့ဖုံးမှ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ ဘန်စန်းဘွန်နတ်ခ်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါသွား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ခေါင်းဆောင်သောအဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါသွားကြပြီး အဖွဲ့ဝင်များ ဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ဝင်းနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာတို့သည် (၁၂)ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေးများ မတိုင်မီ ကြိုတင်ကျင်းပမည့် အာဆီယံ + ၃ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးများနှင့် အာဆီယံ+၃ စီးပွားရေးဝန်ကြီးများ အစည်းအဝေးများသို့ တက်ရောက်ရန် ဧပြီ ၉ ရက်တွင် ထိုင်းနိုင်ငံ ပတ္တရားမြို့သို့ ကြိုတင်ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံ ပတ္တရားမြို့၌ ကျင်းပမည့် (၁၂)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေး၊ (၁၂)ကြိမ်မြောက် အာဆီယံ-ကိုရီးယား ထိပ်သီးအစည်းအဝေး၊ (၁၂)ကြိမ်မြောက် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေး၊ (၁၂)ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေး၊ (၇)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေး၊ (၄)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေးနှင့် တတိယအကြိမ်မြောက် အာဆီယံ-ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မင်းကင်းမြို့နယ် ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေနှင့် ပစ္စည်းများပေးအပ်

ရန်ကုန် ဧပြီ ၁၀

စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ်ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် တင်မောင်အုန်းနှင့်အတူ ဧပြီ ၇ ရက်တွင် တင်ဘက်ကျေးရွာအုပ်စု မင်းကင်းမြို့မနှင့် ကျေးတောင်ဦး ကျေးရွာအုပ်စုသို့လည်းကောင်း၊ ဧပြီ ၈ ရက်တွင် ရှားတောကျေးရွာအုပ်စုနှင့် မောက္ကတော်ကျေးရွာအုပ်စုများသို့ လည်းကောင်း သွားရောက်၍ ကျေးရွာလူထုနှင့် တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပရာ ပြည်သူ ၁၃၄၀၀ တက်ရောက်ခဲ့ကြသည်။

ဒုတိယဝန်ကြီး ဦးမောင်မြင့်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လှူဒါန်းငွေများနှင့် စာသင်ကျောင်းများရှိ Multi-Media Room တွင် အသုံးပြုရန်အတွက် ကွန်ပျူတာနှစ်လုံးနှင့် ၂၁ လက်မ ရုပ်မြင်သံကြားစက်နှစ်လုံးကို လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လှူဒါန်းငွေများကိုလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲများတွင် ဒုတိယဝန်ကြီး ဦးမောင်မြင့်က ကျေးရွာပြည်သူများအား နိုင်ငံတော်ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်များ၊ လက်ရှိ မြန်မာ့နိုင်ငံရေးနှင့် ကမ္ဘာ့နိုင်ငံရေး အခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် မင်းကင်းမြို့နယ် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် လှူဒါန်းငွေများ၊ စာသင်ကျောင်းများရှိ Multi-Media Room ၌ အသုံးပြုရန်အတွက် ကွန်ပျူတာ နှစ်လုံးနှင့် ၂၁ လက်မ ရုပ်မြင်သံကြားစက် နှစ်လုံးတို့ကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဝန်ကြီး ဦးညာဏ်ဝင်း မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၁၀

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ဝင်းသည် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ၂၀၀၉ ခုနှစ် ဧပြီ ၉ ရက်တွင် ခန့်အပ်ခြင်းခံရသူ ဒါတွခ် အာနီဖာ အာမန်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

မြန်မာ့နှစ်ဦး

☆ မြန်မာ့နှစ်ဦး၊ တန်ခူးဂိမှာန်နွေ
ရာသီ"မိဿ"၊ "စိတြ"ရောင်လျှံဝေ
တောင်လေဝဲမွှေ၊ ရွက်ကြွေဆော့လူး
မြသားယမုံ၊ သဲငွေခုံ
တူစုံကျေးငှက် မြူးသည်နှင့်လေး။

☆ ပုရစ်ကိုက်ဖူး၊ သစ်ထူးမြသွေးဆင်
ကံ့ကော် ရင်ခတ်၊ ထုံလှပ်စုံမြိုင်ခွင်
ဆိုင်းဆို့ဝန်းကျင်၊ မင်းလွင်မြူခိုး
တာကူးသင်္ကြန်၊ ဂျိုးဂျိမ့်ညံ
ရွာဟန်မှိုင်းအုံ့ ပျိုးသည်နှင့်လေး။

☆ ဖက်ဆွတ်ငွေမိုး၊ လှန့်နှိုးနွေပွဲတော်
လျှမ်းဝေပိတောက်၊ ကြိုင်လှောက်သူငါပျော်
ဘိုးဘွားပူဇော်၊ ခေါင်းလျှော်ရေချိုး
ရွှေကျောင်းရိပ်ညို၊ ဥပုသ်ခို
ကုသိုလ်ဒါနံ ပျိုးသည်နှင့်လေး။

☆ မြူးပေ့စိန်ဒိုး၊ ရွှေရိုးဟာသပိုင်
ဘေးမဲ့လွှတ်ပွဲ၊ ခြိမ့်သဲမြိုင်မြိုင်ဆိုင်
ရွှန်းပီတိလှိုင်၊ နိုင်ငံနယ်ဝှန်း
မုန့်လုံးရေပေါ်၊ အလှူတော်
တူပျော်နောက်ပြောင် စမ်းသည်နှင့်လေး။

☆ ရေစင်ပက်ဖျန်း၊ ငြိမ်းချမ်းမေတ္တာရည်
စိတ်သစ်လူသစ်၊ နှစ်သစ်နိဒါန်းချီ
အားသစ်ဝေစည်၊ ချစ်ကြည်ပေါင်းစု
ဓလေ့မူမှန်၊ ရိုးရာဟန်
ဆက်ခံစောင့်ထိန်း ပြုပါစို့လေး။

☆ ဇေယျတုခါနွေ၊ အတာရေ
ချွေးသိပ် ဖျန်းတော့သည်. . .။
သပြေနုဖြာဝေ၊ ဘယာသွေ
အေးနိမိတ် လန်းပေ့ါအတည်. . .။

ဇော်မင်းမင်းဦး

မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း မြေစိုက်ပိုစတာ စိုက်ထူ

ရန်ကုန် ဧပြီ ၁၀

မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဗဟန်းမြို့နယ်၏ မြေစိုက်ပိုစတာစိုက်ထူပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်းရှိ ရတနာပန်းခြံရှေ့၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ရန်ကုန်တိုင်းဥက္ကဋ္ဌ ဒုတိယ ရဲမှူးကြီး စိုင်းအောင်မင်း(အငြိမ်းစား)၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မွန်လတ်နှင့် မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးအောင်သိန်းဝင်း (မောင်ခိုင်ခန့်)တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ဗဟန်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်နှင့် ကွမ်ရှီးကျွမ်းပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ကိုယ်စားလှယ်အဖွဲ့ တို့ တွေ့ဆုံ

ရန်ကုန် ဧပြီ ၁၀

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဝင်းအောင်၊ ဦးဇော်မင်းဝင်းနှင့် ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေးနှင့် တွဲဖက်အတွင်းရေးမှူး(၄) ဒေါက်တာမျိုးသက်၊ တွဲဖက်အတွင်းရေးမှူး(၅) ဒေါက်တာပွင့်ဆန်းနှင့် ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသန့်တို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နိုင်ငံခြားရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာ ဝေ့ရန် ခေါင်းဆောင်သည့် အဖွဲ့ဝင် သုံးဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၈ ရက်တွင် အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

အဆိုပါ တွေ့ဆုံပွဲတွင် ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသမှ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်မည့်ကိစ္စ၊ ၂၀၀၉ ခုနှစ် အောက်တိုဘာလအတွင်း နန်နင်းမြို့၌ ကျင်းပမည့် (၆)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲသို့ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ လာရောက်ပါဝင်ပြသရေးကိစ္စ၊ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စနှင့် နန်နင်းမြို့၌ မြန်မာနိုင်ငံ ကုန်သွယ်ရေးကိုယ်စားလှယ်ရုံး ဆောက်လုပ်နေမှုအခြေအနေကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာဖဂန်နစ္စတန်တောင်ပိုင်း၌ အသေခံပုံးဖြင့် တိုက်ခိုက်

ကဘူး ဧပြီ ၁၀

အာဖဂန်နစ္စတန်နိုင်ငံ ဟဲလ်မန့်ပြည်နယ်တွင် ဧပြီ ၉ရက်နံနက်ပိုင်းက အသေခံပုံးဖြင့် တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင် ငါးဦး သေဆုံးပြီး၊ လေးဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပြည်နယ်မြို့တော် လာ့ခ်ျကာဂါတွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဖြစ်စဉ်အသေးစိတ်ကို ပြောကြားခြင်း မရှိကြောင်း သိရသည်။

အင်တာနက်။

အီရန်နိုင်ငံ၏ ပထမဆုံးသော နျူကလီးယားလောင်စာ ထုတ်လုပ်သောစက်ရုံကို အစ်ဖာဟန်ဒေသတွင် ဧပြီ ၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာဖဂန်နစ္စတန်အရှေ့ပိုင်း၌ နိုင်ငံစုံတပ်ဖွဲ့ များပစ်ခတ်မှုကြောင့် အရပ်သားလေးဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

ကဘူး ဧပြီ ၁၀

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ဘက် ခို့စ်ပြည်နယ်တွင် ဧပြီ ၉ရက်က အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့များ စစ်ဆင်ရေးပြုလုပ်စဉ် အရပ်သားလေးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဂေါဘက်ဇ်ခရိုင်တွင် ယင်းနေ့နံနက်ပိုင်းက စစ်ဆင်ရေးပြုလုပ်စဉ်အတွင်း အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦး အပါအဝင် အရပ်သားလေးဦး သေဆုံးခဲ့ကြောင်း ပြောကြားသည်။

နိုင်ငံစုံတပ်ဖွဲ့က ကြာသပတေးနေ့ သတင်းစာရှင်းလင်းပွဲ၌ ခို့စ်ပြည်နယ်ရှိ ဟာကွာနီစစ်သွေးကြွများအား စစ်ဆင်ရေး ပြုလုပ်ရာ၌ စစ်သွေးကြွလေးဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိဟုဆိုသည်။

အင်တာနက်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ဗုံးပေါက်ကွဲမှုဖြစ်ပွားထားရာ တစ်နေရာကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အယ်လ်ဘားမားပြည်နယ် အနောက်မြောက်ပိုင်းတွင် ပစ်ခတ်မှုကြောင့် ငါးဦးသေဆုံး

ဝါရှင်တန် ဧပြီ ၁၀

အမေရိကန်ပြည်ထောင်စု အယ်လ်ဘားမားပြည်နယ်တွင် မိသားစုအချင်းချင်း ရန်ဖြစ်ရန်စကြောင့်ဟု ယူဆရသည့် အဖြစ်အပျက်တစ်ခုကြောင့် သေဆုံးနေသည့် လူငါးဦး၏အလောင်းများကို တွေ့ရှိရကြောင်း ရဲတပ်ဖွဲ့မှ ပြောကြားသည်။

အသက် ၄၀အရွယ်ရှိ ကီဗင်လီဂါနာ၏ အလောင်းကို မော်ဂန်ခရိုင်ရှိ ၎င်း၏ အိမ်အနီးမှ ဧပြီ ၈ရက်တွင် ဒေသခံရဲများက တွေ့ရှိရကြောင်း၊ ၎င်း၏ ဇနီး၊ သမီး၊ နှမနှင့်တူတို့၏ အလောင်းများကိုမူ ဂရင်းဟေးလ်ဒေသရှိ အိမ်တစ်အိမ်အတွင်း၌ တစ်ရက်စော၍ တွေ့ရကြောင်း၊ ကီဗင်လီဂါနာသည် လူသတ်သမားဟု ယူဆရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ကီဗင်လီဂါနာ၏ အလောင်းကို ရဲများက တွေ့ရှိစဉ် ၎င်း၏အိမ်မှာ မီးလောင်ပျက်စီးနေပြီး သေဆုံးသူများထဲမှ တစ်ဦးဦး၏ကားဟု ယူဆရသည့် ကားတစ်စီးကိုလည်း ကားရပ်နားသည့်နေရာတွင် ရပ်ထားသည်ကို တွေ့ရကြောင်း ကီဗင်လီဂါနာသည် ကျန်လူလေးဦးကို သတ်ပြီးမှ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်သည်ဟု ယူဆရကြောင်း၊ အမှုကို စုံစမ်းစစ်ဆေးဆဲရှိကြောင်း၊ ၎င်းသည် ဇနီးသည်နှင့် ကွာရှင်းခွင့်ရရန် ပြုလုပ်နေချိန်ယခုအမှု ပေါ်ပေါက်ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အင်တာနက်။

ကမ္ဘောဒီးယားတွင် စပါးထွက် စံချိန်တင်

ဖနွမ်းပင် ဧပြီ ၁၀

ကမ္ဘောဒီးယားနိုင်ငံအတွက် ၂၀၀၈ ခုနှစ်သည် သမိုင်းတစ်လျှောက် စံချိန်တင်ရလောက်အောင် စပါးထွက်ကောင်းသည်ကို တွေ့ရကြောင်း ဧပြီ ၉ ရက်ထုတ်တရုတ်ဘာသာသတင်းစာက ဖော်ပြသည်။

အဆိုပါ သတင်းကိုဖော်ပြရာ၌ ကမ္ဘောဒီးယားနိုင်ငံ၏ စိုက်ပျိုးရေး၊သစ်တောနှင့်ရေလုပ်ငန်းဝန်ကြီး ချန်ဆာရန်အား ကိုးကား၍ ဖော်ပြခြင်းဖြစ်သည်။

လယ်သမားများသည် ၂၀၀၈ ခုနှစ်အတွင်း စပါးဟက်တာ ၂ ဒသမ ၂၅သန်းစိုက်ပျိုးရာ ပျမ်းမျှတစ်ဧကလျှင် စပါးထွက် ၂ ဒသမ ၅၄ တန်ရရှိကြောင်း ဗုဒ္ဓဟူးနေ့က ကျင်းပသော နှစ်ပတ်လည်အစည်းအဝေးတွင် ဝန်ကြီး ချန်ဆာရန်က ပြောကြားသည်။

ထို့အပြင် ယင်းနှစ် ခြောက်သွေ့ရာသီ၌လည်း နွေစပါးဟက်တာ ၃၅၀၀၀၀ ကို စိုက်ပျိုးရာ တစ်ဟက်တာ စပါးအထွက် ၄ ဒသမ ဝ၄ တန်ရရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ၂၀၀၈ ခုနှစ်အတွက် စပါးအထွက်သည် တစ်နှစ်လုံးအတွက် တန်ခုနစ်သန်းရှိသည့်အနက် အနည်းဆုံးတန် နှစ်သန်းကို ပြည်ပသို့ တင်ပို့ရန် အသင့်ရှိသည်ဟု ဆိုသည်။

မဲခေါင်မြစ်ဒေသအတွင်း တည်ရှိနေသော ကမ္ဘောဒီးယားနိုင်ငံသည် အစဉ်အလာအရ ဆန်တင်ပို့ရောင်းချသောနိုင်ငံဖြစ်သည်။ သို့ရာတွင် နှစ်ရှည်လများကြာအောင် ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်ပွဲကြောင့် ၂၀ ရာစုနှစ်ကုန်ပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံသည် စပါးထွက်သိသာစွာကျဆင်းခဲ့ရပြီး ဆန်တင်ပို့မှုတွင် အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်းနှင့်ဗီယက်နမ်နိုင်ငံများထက် နောက်ကျကျန်ခဲ့ရခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကင်ညာနိုင်ငံ မွန်ဘာဆာဆိပ်ကမ်းဆီသို့ ကယ်ဆယ်ရေးပစ္စည်းများ သယ်ဆောင်သွားစဉ် ဆိုမာလီရေပြင်၌ အပိုင်စီးခံရသော အမေရိကန်ကုန်သေတ္တာတင်သင်္ဘော မတ်အလာဘားမား ကို ဧပြီ ၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တမီလ်ကျားသူပုန် ထောက်ခံသူများ လန်ဒန်တွင် ဆန္ဒပြ

လန်ဒန် ဧပြီ ၁၀

သီရိလင်္ကာအစိုးရနှင့် တမီလ်ကျားသူပုန်တို့အကြား အပစ်အခတ်ရပ်စဲရေးကိစ္စကို ဗြိတိန်အစိုးရက ကြားဝင်ဆောင်ရွက်ပေးရန် တောင်းခံသည့် ဆန္ဒပြပွဲကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့ ပါလီမန်အဆောက်အအုံတွင် ကျားသူပုန်ထောက်ခံသူ ၂၀၀ ခန့်က ဆန္ဒပြလျက်ရှိရာ ဧပြီ ၈ ရက်ပါနှင့်ဆိုလျှင် သုံးရက်ပြည့်သွားပြီဖြစ်သည်။

ထိုဆန္ဒပြမှုကြောင့် ပြည်သူလူထုကို မငြိမ်မသက်ဖြစ်စေသောအမှုဖြင့် လူခုနစ်ဦးကို ဖမ်းဆီးလိုက်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ နှစ်ဦးမှာ အကြမ်းဖက်မှုနှိမ်နင်းရေးအက်ဥပဒေအရ အရေးယူခံရခြင်းဖြစ်သည်။ ပါလီမန်ရင်ပြင်တွင် ပြုလုပ်သော ဆန္ဒပြပွဲမှာ အေးချမ်းသောအခြေအနေရှိပြီး ပါဝင်ဆန္ဒပြသူဦးရေမှာလည်း လျော့ပါးလာလျက်ရှိသည်ဟုဆိုသည်။

ဧပြီ ၆ ရက်တွင် ဆန္ဒပြစဉ်က လူ ၃၀၀၀ ခန့်ပါဝင်သည်။ ၎င်းတို့သည် ဝက်စ်မင်စတာတံတား ပါလီမန်နာရီစင်ရှိရာ နေရာများတွင် ဆန္ဒပြခဲ့ကြသည်။

အင်တာနက်။

နိုင်ငံတကာသတင်းမှတ်စု

ကနေဒါအရှေ့ပိုင်း၌ မြစ်ရေလျှံ

ကနေဒါနိုင်ငံအရှေ့ပိုင်း နယူဘရင်းစ်ဝစ်ပြည်နယ်ရှိ စိန့်ဂျွန်းမြစ်ရေလျှံမှုကြောင့် ရေကြီးမှုဖြစ်ပွားရာ ဒေသခံ ၂၀၀ကျော် အိုးအိမ်စွန့်ထွက်ပြေးခဲ့ရကြောင်း အင်္ဂါနေ့ထုတ်သတင်းများ၌ ဖော်ပြသည်။

ပသ်-အင်ဒိုဗာဒေသအတွက် တနင်္လာနေ့က အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး လူ ၂၀၀ကျော် ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ရသည်။ မိုးလေဝသဌာန တာဝန်ရှိသူများက အင်္ဂါနေ့နောက်ပိုင်းတွင် မိုးသက်မုန်တိုင်းများ တိုက်ခတ်ပြီး ဒေသအချို့တွင် ရေကြီးမှုဖြစ်ပွားနိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ဆိုသည်။

လော့စ်အိန်ဂျလိစ်၌ ပစ်ခတ်မှုဖြစ်ပွား

လော့စ်အိန်ဂျလိစ်မြို့အနီး ရီဗာဆိုဒ်ဒေသတွင် ဧပြီ ၇ ရက်က သေနတ်သမားတစ်ဦးပစ်ခတ်မှုကြောင့် တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိကြောင်း၊ ဒဏ်ရာရရှိသူနှစ်ဦးမှာလည်း စိုးရိမ်ရသောအခြေအနေရှိကြောင်း၊ ပစ်ခတ်မှုဖြစ်ပွားရခြင်းအကြောင်းရင်းကို မသိရသေးကြောင်း ရဲတပ်ဖွဲ့ ပြောကြားသည်။

အခင်းဖြစ်ပွားရာသို့ ရဲတပ်ဖွဲ့ရောက်ရှိခဲ့သော်လည်း သေနတ်သမားက ၎င်း၏ဇနီးအား ပစ်သတ်ခဲ့ပြီးဖြစ်ကြောင်း၊ သေကျေဒဏ်ရာရရှိသူအားလုံးမှာ အသက် ၄၀ ကျော်အရွယ်များဖြစ်ကြောင်း၊ အသေးစိတ်အချက်အလက်များ ပြောကြားရန်ငြင်းဆိုကြောင်း တာဝန်ရှိသူက ပြောကြားသည်။

အီတလီနိုင်ငံ အလယ်ပိုင်း လာကွီလာမြို့တွင် လှုပ်သွားသော ငလျင်ကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်သွားသူ ဒုက္ခသည် ၇၀၀၀၀ ခန့်တို့အတွက် ကယ်ဆယ်ရေးစခန်းကို ဧပြီ ၉ ရက်က တွေ့ရစဉ်။ *(အင်တာနက်)*

အင်ဒိုနီးရှား၌ လေယာဉ်ငယ်ပျက်ကျ၊ ခြောက်ဦးသေဆုံး

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဘက်စွန်းရှိ ပါပူဝါပြည်နယ်တွင် ဧပြီ ၉ ရက် နံနက်ပိုင်းက လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ လိုက်ပါလာသူ ခြောက်ဦးစလုံးသေဆုံးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အေဗီယာစတား လေကြောင်းလိုင်းပိုင် ဗီအေအက်စ်-၁၄၆ အမျိုးအစားလေယာဉ်သည် ဆန်တာနီမှ ဝါမီနာပြည်နယ်သို့ ပျံသန်းခဲ့ပြီး ဝါမီနာလေဆိပ်သို့ ဆင်းသက်ရန် ငါးကီလိုမီတာခန့်အလို၌ ပျက်ကျခဲ့ကြောင်း၊ လေယာဉ်ကိုယ်ထည်သုံးပိုင်းကျိုးပြီး မီးလောင်ပေါက်ကွဲခဲ့ကြောင်း သိရသည်။

သီရိလင်္ကာရေပြင်၌ တူရကီသင်္ဘောနစ်မြုပ်

သီရိလင်္ကာနိုင်ငံ အရှေ့ဘက်ကမ်းလွန်၌ ဆာဖြူရစ်အက်ဆစ်တန် ၆၅၀၀ ကျော် တင်ဆောင်လာသော တူရကီသင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ကြောင်း သီရိလင်္ကာစစ်ဘက်က ကြာသပတေးနေ့တွင် ပြောကြားသည်။

မိုတာရီမာဂနောဂရင်ဘာ အမည်ရှိ တူရကီသင်္ဘောသည် ထရင်ကိုမာလီမြို့ ဆိပ်ကမ်းအရှေ့ဘက်ကမ်းလွန်၌ အင်္ဂါနေ့က စက်ချွတ်ယွင်းမှုဖြစ်ပွားပြီးနောက် သီရိလင်္ကာရေတပ်က သင်္ဘောသား ၁၉ ဦးအား ကယ်ဆယ်ကာ ဗုဒ္ဓဟူးနေ့တွင် ထရင်ကိုမာလီရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးခဲ့သည်။ ထို့နောက် သင်္ဘောသည် ကမ်းလွန်ရေမိုင် ၈၀ အကွာ ဗုဒ္ဓဟူးနေ့ ညပိုင်းတွင် နစ်မြုပ်ခဲ့ကြောင်း သိရသည်။

တူရကီ၌ မူးယစ်ဆေးဝါးအမြောက်အမြား ဖမ်းဆီးရမိ

တူရကီနိုင်ငံ ပြည်နယ်ငါးခု၌ ဧပြီ ၉ ရက်တွင် တူရကီလုံခြုံရေးတပ်ဖွဲ့များက မူးယစ်ဆေးဝါးအမြောက်အမြား သိမ်းဆည်းရမိကြောင်း အနာတိုလီယာ သတင်းဌာနက ဖော်ပြသည်။

အဆိုပါမူးယစ်ဆေးဝါးများကို ဗန်းပြည်နယ်အရှေ့ပိုင်း အာဆစ်မြို့တွင် ဘိန်းဖြူ ၁၅၀ ကီလိုဂရမ်နှင့် လူတစ် ဦး၊ မာရှင်ပြည်နယ်တောင်ပိုင်းတွင် ဘိန်းဖြူ ၄၅ ကီလိုဂရမ်နှင့် ဆေးခြောက် ၄ ဒသမ ၉ ကီလိုဂရမ်နှင့် လူရှစ်ဦး၊ အာဇင်ကင်ပြည်နယ်အရှေ့မြောက်ပိုင်းတွင် ဘိန်းဖြူ ၄၃ ကီလိုဂရမ်၊ ဆန်လူရာဖာပြည်နယ် အရှေ့တောင်ပိုင်းတွင် ဆေးခြောက် ၆၆ ဒသမ ၉ ကီလိုဂရမ်နှင့် လူငါးဦး၊ တိုကတ်ပြည်နယ် မြောက်ပိုင်းတွင် ဆေးခြောက် ၃၅ ကီလိုဂရမ်တို့အား ဖမ်းဆီးရမိကြောင်း ဖော်ပြသည်။

အိန္ဒိယအနောက်ပိုင်း၌ အင်အားအသင့်ရှိငလျင်လှုပ်

အိန္ဒိယနိုင်ငံအနောက်ပိုင်း ရာဂျက်စသန်ပြည်နယ် ဂျာအစ်ဆာမာမြို့တွင် ဧပြီ ၉ ရက် နံနက်ပိုင်းက ရစ်ချ်တာ ၅ ဒသမ ၃ အဆင့်ရှိ အင်အားအသင့်ရှိသော ငလျင်တစ်ခု လှုပ်သွားကြောင်း၊ သို့သော် သေကျေဒဏ်ရာ ရရှိမှုအခြေအနေကို ဖော်ပြခြင်းမရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဂျာအစ်ဆာမာမြို့သည် အိန္ဒိယနှင့် ပါကစ္စတန်နယ်စပ်အနီး ရာဂျက်စသန်ပြည်နယ် အနောက်ပိုင်းရှိ မြို့တစ်မြို့ ဖြစ်သည်။

စုစည်းတင်ပြသူ-စိုးစိုးနိုင်



ကားစုဆောင်းသူ လျူဝမ်ယူက တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ဂန္ထဝင်ကားပြပွဲကို ကားအစီးပေါင်း ၁၆၀ ကျော်ဖြင့် ပြသသွားရန် စီစဉ်နေသည်ကို ဧပြီ ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီတလီငလျင်ကြောင့် သေဆုံးသူဦးရေ ၃၀၀ နီးပါးအထိ မြင့်တက်လာ

ရောမ ဧပြီ ၁၀

အီတလီနိုင်ငံအလယ်ပိုင်းအာဘရူဇို ဒေသတွင် လှုပ်သွားသောငလျင်ကြောင့် သေဆုံးရသူဦးရေမှာ ဧပြီ ၉ရက်အထိ စာရင်းအရဆိုပါက ၂၈၇ ဦးအထိတိုးလာကြောင်း ဒေသခံ မီဒီယာသတင်းများက ဖော်ပြသည်။

တနင်္လာနေ့ကလှုပ်သွားသောငလျင်၏ ပြင်းအားမှာ ၅ဒသမ၈ ပမာဏအထိ အင်အားကြီးမားသည်။ ထို့နောက်ပိုင်းတွင်လည်း နောက်ဆက်တွဲ ငလျင်များ အဆက်မပြတ်လှုပ်လျက်ရှိရာ ဗုဒ္ဓဟူးနေ့ အထိထိုဒေသတွင်အင်အားအတန်အသင့် ပြင်းသည့် ငလျင်အကြိမ်ပေါင်း ၇၁ကြိမ် ရှိသည်ကိုတိုင်းတာရရှိသည်ဟု အာဘရူဇိုဒေသအုပ်ချုပ်ရေးမှူးဂါနီချီဒီက ပြောကြားသည်။ အင်အားသေးသောငလျင်လှုပ်ရှားမှုအကြိမ်များကိုပါထည့်ပေါင်းလျှင် ငလျင်လှုပ်သည့်အကြိမ် စုစုပေါင်းတစ်ထောင်ခန့်ပင်ရှိသည်ဟု ၎င်းကဆိုသည်။

အဆိုပါငလျင်ကြောင့် ငလျင်ဒဏ်ခံနိုင်သည်ဆိုသော ခေတ်မီအဆောက်အအုံ အချို့လည်း ပြိုကျပျက်စီးသည်ကို တွေ့ရကြောင်း သတင်းကဖော်ပြသည်။

ယင်းသို့သော အဆောက်အအုံများ ပြိုကျရသည်ကို လျစ်လျူမရှုသင့်ဘဲ ဆောက်လုပ်သူ၊ အဆောက်အအုံ စစ်ဆေးသူ၊ တာဝန်ရှိသူများကို ဖော်ထုတ်အရေးယူသင့်သည်ဟု ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ငလျင်ဒဏ်ကြောင့် ပျက်စီးရသော အဆောက်အအုံများတွင် ၂၀၀၀ ပြည့်နှစ်ကမှ ဖွင့်လှစ်လိုက်သော လာကွီလာမြို့ရှိ ဆန်ဆာဗာတိုဆေးရုံလည်းပါဝင်သည်။

သဘာဝဘေးကြောင့် ပျက်စီးသွားသော အာဘရူဇိုဒေသ၏အပျက်အစီးများကို ယခုအချိန်အထိ တိတိကျကျ မခန့်မှန်းရသေးကြောင်း သို့သော် အဆောက်အအုံများ ပြန်လည်ထူထောင်ရေးစရိတ်မှာ ယူရိုငွေ ဘီလီယံပေါင်းများစွာ ကုန်ကျဖွယ်ရာရှိသည်ဟု အီတလီဝန်ကြီးချုပ် ဆီဗီရိုဘာလူစ်ကိုနီက ဧပြီ ၉ ရက်တွင် ပြောကြားသည်။ လက်ရှိအခြေအနေတွင် စီးပွားရေးဝန်ကြီးဌာနကလည်း ဒုက္ခသည်များ ကူညီ ရေးရန်ပုံငွေအတွက် ယူရိုငွေသန်း ၁၀၀ ခွင့်ပြုထားပြီး ဖြစ်သည်။ ငလျင်ဒုက္ခကြုံရ သောနေရာများတွင် မှုခင်းဖြစ်ပွားမှုနှင့် လုံခြုံရေးကို ဆောင်ရွက်ရန် စစ်ဘက်တပ်ဖွဲ့ဝင် ၇၀၀ နှင့် ရဲတပ်ဖွဲ့များကို တာဝန်ချထားပေးကာ စီစဉ်လုပ်ကိုင်လျက်ရှိသည်။

အင်တာနက်။

အချိုရည်များကို သောက်သုံးမှု လျှော့ချလျှင် ကိုယ်အလေးချိန်ချနေသူများအတွက် အထောက်အကူပြုကြောင်းတွေ့ရှိ

ပေကျင်း ဧပြီ ၁၀

ကိုယ်အလေးချိန် လျှော့ချနေစဉ်အတွင်း အချိုရည် သောက်သုံးခြင်းကို ဖြတ်ထားလျှင် အဖတ်များ စားသုံးမှု လျှော့ချသည်ထက် ပို၍အကျိုးသက်ရောက်သည်ဟု ဧပြီလထုတ် အမေရိကန် အာဟာရဂျာနယ်တွင် ဖော်ပြထားသည်။

အမေရိကန်တွင် အဝလွန်သူများ များပြားလာခြင်းနှင့် အပြိုင် အချိုရည် သောက်သုံးသူဦးရေလည်း များပြားလာသည်ကို တွေ့ရသည်ဟု ဂျွန်ဟောကင်း ဘလွန်ဘတ်ချ် ပြည်သူ့ကျန်းမာရေးကျောင်းမှ ဒေါက်တာ ဘင်ဂျာမင် ကာဘာလေရိုနှင့်အဖွဲ့၏ တင်ပြချက်ကို ဂျာနယ်၌ ဖော်ပြထားသည်။

မူဝါဒရေးရာ အကြံပြုချက်အနေဖြင့် ထောက်ခံတင်ပြရလျှင် ပြည်သူလူထု အနေဖြင့် အချိုရည် အထူးသဖြင့် ယမကာရည်တို့ သောက်သုံးခြင်းကို လျှော့ချရန် လိုအပ်သည်ဟု ၎င်းပညာရှင်များက အကြံပြုထားသည်။

အချိန် ၁၈ လ ကျော်ကြာအောင် အချိုရည်သောက်မှုပုံစံပြောင်းလဲခြင်းဖြင့် ကိုယ်အလေးချိန်ပြောင်းလဲသွားပုံကိုအရွယ်ရောက်သူ ၈၁၀ ၏ အကူအညီကို ရယူ၍ သုတေသနပညာရှင်များက လေ့လာခဲ့သည်။ ကယ်လိုရီ ပါဝင်နှုန်းထားနှင့် အာဟာရ ပါဝင်မှုတို့အပေါ် အခြေတည်ပြီး စားသုံးသော အစားအစာကို အုပ်စုခုနစ်မျိုးခွဲကာ သုတေသန ပြုခဲ့ကြခြင်းဖြစ်သည်။

အင်တာနက်။

အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါကြားရှိ အဝေးပြေးလမ်းမကြီး၌ ရေလွှမ်း၍ ပိတ်ရလုနီး ဖြစ်နေ

အော့တဝါ ဧပြီ ၁၀

အမေရိကန်ပြည်ထောင်စုနှင့်ကနေဒါနိုင်ငံအနောက်ပိုင်း မန်နီဆိုတာပြည်နယ်ကြားတွင် ဆက်သွယ်ထားသော အဓိက အဝေးပြေးလမ်းမကြီးသည် စီးပွားရေး အချက်အချာကျပြီး အရေးပါအရာရောက်ကြောင်း၊ သို့သော် ယခုအခါတွင် ယင်းလမ်းမကြီး၌ ရေလွှမ်းနေ၍ ပိတ်ထားရမည့်အခြေအနေရောက်နေကြောင်း အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စု နယ်စပ်ရှိ ဝင်နီပက်မြို့၏အဝေးပြေးလမ်းပိုင်းအမှတ် ၇၅ ကို ရေလွှမ်းမိုးမှု မခံရစေရန် ဧပြီ ၈ ရက်နှောင်းပိုင်းကာလတွင် ပြင်ဆင်ရန် လိုသည်ဟု ယင်းပြည်နယ်ရှိ တာဝန်ရှိ ပုဂ္ဂိုလ်များက ကြေညာထားပြီး ရေလွှမ်းမိုးမှုမှ လွတ်မြောက်ချိန်မှသာ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ရေအမှတ်သည် ဧပြီ ၁၁ ရက်တွင် အမြင့်ဆုံးသို့ ရောက်ရှိလာနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဝေးပြေးလမ်းမကြီးကိုပိတ်၍ပြင်ဆင်နေချိန်တွင်ကုန်ကားကြီးများသည်လမ်းကိုကွေ့ပတ်၍ မောင်းနှင်ရမည်ဖြစ်သဖြင့် လမ်းမကြီးတစ်လျှောက်ရှိ ဆိုင်များမှ ဆိုင်ပိုင်ရှင်များသည် ၎င်းတို့၏စီးပွားရေး ထိခိုက်မည် စိုးရိမ်နေရကြောင်း ပြောကြားကြသည်။ နိုင်ငံရေးသမား အချို့ကမူ အနာဂတ်ကာလတွင်ထိုကဲ့သို့ အခက်အခဲ ပြဿနာမျိုး ထပ်မံမပေါ်ပေါက်စေရန် လမ်းများကို ပိုမို၍မြင့်စေရန် မြှင့်တင်သင့်ကြောင်း ပြောကြားသည်။

အင်တာနက်။

ရုရှားအာကာသယာဉ်ဖြင့် လိုက်ပါ၍ အာကာသစခန်း ယာဉ်တွင် နေထိုင်ပြီးနောက် မြေပြင်သို့ ပြန်လည်ရောက်ရှိလာသူ အာကာသခရီးသည် အမေရိကန်နိုင်ငံသား ချားဆီမွန်ရီကိုတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရုရှားအာကာသယာဉ်နှင့် လိုက်ပါသွားသော ကန်အာကာသခရီးသည် မြေပြင်သို့ ချောမောစွာ ပြန်လည်ရောက်ရှိ

အယ်လ်မာတီ ဧပြီ ၁၀

အမေရိကန် အာကာသခရီးသည် ဘီလီယံနာသူဌေးကြီးချားဆီမွန်ရီသည် ရုရှား၊ အမေရိကန် အာကာသယာဉ်မှူးများနှင့်အတူ မြေပြင်သို့ ပြန်လည်ဆင်းသက်လာသော ရုရှားဆိုယုဇ် အာကာသယာဉ်နှင့် လိုက်ပါလာရာ ဧပြီ ၈ ရက် ကမ္ဘာ့စံတော်ချိန် နံနက် ၇ နာရီ ၁၆မိနစ်တွင် အလယ်ပိုင်းကာဇက်စတန်ဒေသ အာကာသယာဉ်ဆင်းသက်ရေးကွင်းသို့ ဆိုက်ရောက်လာသည်။

အာကာသယာဉ် ဆင်းသက်ရာမှာ အစစအရာရာ ကြိုတင်စီမံထားသည့်အတိုင်း ချောမောအောင်မြင်ခဲ့သည်ဟု ရုရှားအာကာသယာဉ်ထိန်းချုပ်ရေးစခန်းမှ ပြောရေးဆိုခွင့်ရှိသူ ဗလာရီလင်ဒင်က ပြောကြားသည်။

အမေရိကန် အာကာသယာဉ်မှူး မိုက်ကယ်ဖင့်နှင့် ရုရှားပျံသန်းရေးအင်ဂျင်နီယာ ယူရီလောင်ချာကောဗ်တို့ လိုက်ပါလာသော အာကာသ ထိပ်ဖူးသည် ကောဆက်အရှေ့မြောက်ပိုင်းသို့ချောမောစွာ ဆင်းသက်ခဲ့ကြောင်း အမေရိကန်အာကာသအေဂျင်စီ(နာဆာ)ကသီးခြားကြေညာသည်။

မြေပြင်သို့ ပြန်လည်ဆင်းသက်လာသောအဖွဲ့အား ဝမ်းပန်းတသာ ကြိုဆိုပါကြောင်းနာဆာအဖွဲ့ကရုပ်သံဆက်ကြောင်းမှ တစ်ဆင့် အာကာသယာဉ်မှူးများအား ကြိုဆိုလိုက်သည်။ လူ ၂၀၀ခန့်ပါဝင်သော ဆယ်တင်ရေးနှင့် မြေပြင်အထောက်အကူပြုအဖွဲ့သည် အာကာသယာဉ်အား ဖွင့်လှစ်ပြီးနောက် ယာဉ်မှူးများအား အပြင်သို့ ဖေးကူထုတ်ယူကာ ကျန်းမာရေးနှင့် လိုအပ်သည်များ စစ်ဆေးမှုပြုလုပ်သည်။

အာကာသယာဉ်ဆင်းသက်ရန်နေရာကို မူလက ကာဇက်စတန်မြောက်ပိုင်းတွင် သတ်မှတ်ထားခဲ့သော်လည်း ထိုနေရာသို့ မြေပြင်အဖွဲ့များသွားရောက်ရန် ခက်ခဲခြင်းနှင့် ဆင်းသက်မည့် မြေပြင်မှာ စိမ့်မြေဖြစ်နေ၍ ဆင်းသက်မည့်နေရာကို ပြောင်းလဲခဲ့သည်။ထိုသို့ ပြောင်းလဲလိုက်သည့်အတွက် ဆင်းသက်ချိန် တစ်ရက် နောက်ကျသွားရသည်။

ဆိုယုဇ်ယာဉ်နှင့်အတူ မြေပြင်သို့ ပြန်လည်ဆင်းသက်လာသော ဟန်ဂေရီနွယ်ဖွား အာကာသခရီးသည် ဆီမွန်ရီသည် ယခုခရီးစဉ်အပြီးတွင် အာကာသစခန်းယာဉ်သို့ သွားရောက်လည်ပတ်ဖူးသည့် ပထမဆုံးသော အာကာသခရီးသွားအဖြစ် သမိုင်းမှတ်တမ်းဝင်သွားပြီ ဖြစ်သည်။

၎င်းသည်မြေပြင်တွင်ရှိစဉ်အမေရိကန်၌ နေထိုင်ကာ ဘဝတစ်လျှောက်လုံး ကွန်ပျူတာ ဆော့ဖ်ဝဲပညာရှင်အဖြစ် လုပ်ကိုင်သည့်အပြင် ကွန်ပျူတာမိုက်ခရိုဆော့ဖ်လုပ်ငန်းဖွံ့ဖြိုးရေးအတွက်လည်း အဓိက ကြိုးပမ်းခဲ့သူတစ်ဦးဖြစ်သည်။ အာကာသ၌ ရှိနေစဉ်အတွင်းလည်း သိပ္ပံစမ်းသပ်မှုများ ပြုလုပ်ခဲ့သည်။

အင်တာနက် ။

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ် ဇန်ဂျီယန်ဆိပ်ကမ်းသို့ ဝင်ရောက်လည်ပတ်နေသော ရုရှားနိုင်ငံ၏ ရေငုပ်သဘော်တိုက်ဖျက်ရေး စစ်ရေယာဉ်ကို ဧပြီ ၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရေငုပ်သဘော်တိုက်ဖျက်ရေး ရုရှားရေတပ် စစ်ရေယာဉ် တရုတ်နိုင်ငံဆိပ်ကမ်းသို့ လာရောက်လည်ပတ်

ပေကျင်း ဧပြီ ၁၀

ရုရှားနိုင်ငံ ပစိဖိတ်ရေတပ်ဖွဲ့မှ ရေငုပ်သဘော်တိုက်ဖျက်ရေးစစ်သင်္ဘောသည် တောင်တရုတ်ပင်လယ်ကမ်းခြေရှိ ဇန်ဂျီယန် ဆိပ်ကမ်းသို့လာရောက်လည်ပတ်သည်။ ထိုသင်္ဘောသည် ဆိုမာလီနိုင်ငံရေပြင်တွင် သောင်းကျန်းနေသော ပင်လယ်ဓားပြနှိမ်နင်းရေးတာဝန် ထမ်းဆောင်အပြီး အပြန်ခရီးတွင် ဝင်ရောက်လာခြင်းဖြစ်သည်။ လာရောက်လည်ပတ်သော စစ်သင်္ဘောအုပ်စုတွင် သင်္ဘောနှစ်စင်းပါဝင်သည်။ တစ်စင်းမှာ အက်ဒမီရယ်ဗီနော်ဂရာဒေါ့ဗ်အမည်ရှိ ရေငုပ်သဘော် တိုက်ဖျက်ရေးသင်္ဘောဖြစ်ပြီး အခြားတစ်စင်းမှာ လောင်စာဆီသယ်သည့် ထောက်ပံ့ရေးသင်္ဘော ဘောရစ်ဘူကိုမာဖြစ်သည်ဟု တရုတ်နိုင်ငံတောင်ပိုင်း ရေတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ နှစ်နိုင်ငံရေတပ် အရာရှိများသည် သင်္ဘောများပေါ်သို့ အပြန်အလှန်သွားရောက် လည်ပတ်ကြမည့်အပြင် ချစ်ကြည်ရေး ဘောလုံးပွဲ၊ ဘတ်စကက်ဘောပွဲနှင့် လွန်ပွဲစသည့် ပျော်ပွဲရွှင်ပွဲများကိုလည်း ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ ထိုသင်္ဘောနှစ်စင်းသည် တရုတ်ဆိပ်ကမ်းတွင် ငါးရက်ကြာဆိုက်ကပ်မည်ဖြစ်သည်။

ယခုအလည်အပတ်ခရီးသည် ဇန်ဂျီယန်ဆိပ်ကမ်းတွင် ရုရှားစစ်သင်္ဘောများကို အိမ်ရှင်အဖြစ်ပထမဆုံးအကြိမ်လက်ခံခြင်း ဖြစ်သည်။ အလည်အပတ်ခရီးပြီးဆုံးလျှင် ရုရှားစစ်သင်္ဘောများသည် မိခင်စခန်းရှိရာဗလာဒီဗော့စတော့ ဆိပ်ကမ်းသို့ပြန်ကြမည်ဖြစ်သည်။ နိုင်ငံပေါင်းတစ်ဒါဇင်ခန့်မှ ရေတပ်သင်္ဘော ၂၀ ခန့်သည် ယခုအခါ ဆိုမာလီရေပြင်တွင် ပင်လယ်ဓားပြနှိမ်နင်းရေးအတွက် ကင်းလှည့်လျက်ရှိကြသည်။ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ ရေကြောင်းသွားလာရေးအဖွဲ့(ယူအင်အိုင်အမ်အို)၏ စာရင်းအင်းများအရ ၂၀၀၈ ခုနှစ်အတွင်း ဆိုမာလီရေပြင်တွင် သင်္ဘောအပိုင်စီးရန်ကြိုးစားမှု အကြိမ် ၁၂၀ဖြစ်ပွားခဲ့ပြီး သင်္ဘော ၃၅ စင်းကိုပင်လယ်ဓားပြများက အပိုင်စီးနိုင်ခဲ့ကြောင်းသိရသည်။

အင်တာနက်။

ရွှေရည်ဝင်းလျှံ တန်ခူးလသင်္ကြန်

သာရဝေါစိုးကြည်

တန်ခူးလသည် မြန်မာလများ၏ အဦးအစလ၊ နှစ်သစ်ကူးသင်္ကြန်ကျသောလ ဖြစ်သည်။ ပန်းပိတောက်များ ပွင့်ဖူးကာ ရွှေရည်လူးနေကြသည့်အတွက် ရွှေမြန်မာတို့ဂုဏ်တင့်သောလဖြစ်သည်။မြန်မာ့နှစ်သစ်ကူးသင်္ကြန်ပွဲသည် ရွှေမြန်မာတို့၏ စေတနာအလှကို ဖော်ပြခွင့်ရသောလလည်းဖြစ်သည်။

တန်ခူးလကို မိဿရာသီဟုခေါ်သည်။ ထိုလတွင် လမင်းနှင့်ယှဉ်ပြိုင်ထွန်းလင်းနေသော စန်းပြည့် နက္ခတ်သည် စိတြနက္ခတ်ဖြစ်သည်။ တံငါတာရာကလည်း တောက်ပနေသည်။ ရာသီအမှတ်အသားရုပ်မှာ ဆိတ်ရုပ်ဖြစ်သည်။ နက္ခတ်တာရာဆိုသည်မှာ ကောင်းကင်တွင် တောက်ပနေသော ကြယ်များပင် ဖြစ်သည်။ ရာသီပန်းသည် ကံ့ကော်ပန်းဖြစ်သည်။ ပိတောက်ပန်းသည် အများအားဖြင့် တန်ခူးလတွင် ပွင့်တတ်သော်လည်း ရာသီဥတုမိုးလေဝသအခြေအနေအရ တပေါင်းလတွင် စော၍ ပွင့်တတ်ပြီး ကဆုန်လရောက်မှ နောက်ကျ၍လည်း ပွင့်တတ်ပါသည်။ ရာသီပွဲတော်သည် နှစ်သစ်ကူးသင်္ကြန်ပွဲတော်ဖြစ်သည်။

ဤကမ္ဘာကြီးသည် စကြဝဠာအတွင်းတွင် ရှိသော ဂြိုဟ်နက္ခတ်တာရာများတွင် ပါဝင်သော ဂြိုဟ်တစ်ခု ဖြစ်သည်။ သူရိယနေမင်းကို ဗဟိုပြုကာသွားလာနေသည်။ တစ်ပတ်ပြည့်သောအချိန်ကို တစ်နှစ်ဟု သတ်မှတ်ခြင်းပြုသည်။ အရှေ့တိုင်း သူရိယသိဒ္ဓန္တကျမ်းများအရ လှည့်ပတ်ချိန်သည် ၃၆၅ ရက် ၆ နာရီ ၁၂ မိနစ် ၃၇ စက္ကန့်ကြာသည်။ အနောက်တိုင်း ခေတ်သစ်နက္ခတ္တပညာကျမ်းများအရ ၃၆၅ ရက် ၁၅ နာရီ ၄၉ မိနစ် ၄၆ စက္ကန့် ကြာမြင့်သည်ဟု ဆိုပါသည်။

ကမ္ဘာကြီးက သူရိယနေမင်းကို ဗဟိုပြု၍ နောက်တစ်ကြိမ် စတင်လည်ပတ်ချိန် ပထမဦးဆုံး နေ့ရက်ကို နှစ်ဆန်းတစ်ရက်ဟု သတ်မှတ်သည်။ နှစ်သစ်ကူးနေ့ဟုလည်း ခေါ်ဆိုကြသည်။ နှစ်သစ်ကူးနေ့ကို မင်္ဂလာရှိသော နေ့ထူးနေ့မြတ်ဖြစ်သည်ဟု မြန်မာတို့ ယုံကြည်ကြသည်။ ကိုယ့်လူမျိုး ကိုယ့်ယဉ်ကျေးမှုအရ မင်္ဂလာရှိသော ထုံးတမ်းဓလေ့များကို ပြုလုပ်ကြသည်။

သင်္ကြန်ဟူသော ဝေါဟာရသည် "သင်္ကြန္တ" ဟူသော သက္ကတပုဒ်မှ ဆင်းသက်လာခြင်း ဖြစ်သည်ဟု ဆိုပါသည်။ အချို့သောပညာရှင်များက "သင်္ကန္တ" ဟူသော ပါဠိပုဒ်မှ ဆင်းသက်လာခြင်းဖြစ်သည်ဟု ဆိုပါသည်။ မည်သို့ပင်ဆိုစေကာမူ"သင်္ကြန်"ဟူသော ဝေါဟာရသည် ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်းပင်ဖြစ်သည်။ သင်္ကြန်ကျသည်ဆိုသည်မှာ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်းဖြစ်သည်။

ပုဂံခေတ် မြန်မာသက္ကရာဇ် ၆၅၃ခုနှစ် (ခရစ်နှစ် ၁၂၉၁ ခုနှစ်)တွင် ရေးထိုးခဲ့သော စောလှဝန်းဘုရားကျောက်စာ၌ မီဖုန်၊ ညောင်ရိယ်သွန်၊ သင်္ကြန်ဟူသော ရာသီပွဲတော်ဆိုင်ရာ ဝေါဟာရများကို တွေ့ရှိရသည်။ သို့အတွက် ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားနေပြီဖြစ်သော ပုဂံနေပြည်တော်တွင် နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကျင်းပနေပြီဟု ယူဆရပါသည်။

မြန်မာနှစ်သစ်ကူး သင်္ကြန်ပွဲတော်သည် ပူအိုက်သော နွေရာသီတွင်ကျရောက်သဖြင့် ပူလောင်ခြင်းမှ သက်သာစေရန် ရေစင်အေးအေးဖြင့် ပက်ဖျန်းကြသည်။ တစ်ဖက်သားအား ကာယိန္ဒြေမဲ့စေရန်၊ အရှက်တကွဲ အကျိုးနည်းစေရန် မဟုတ်ခြင်းကို သတိပြုကြရပါမည်။

မြန်မာသင်္ကြန်ပွဲတော်သမိုင်းကို လေ့လာပါက လွန်ခဲ့သောနှစ်ပေါင်း ၃၀၀ခန့် အင်းဝခေတ်မှ စာဆိုတော် ဦးအောင်ကြီး ရေးသားခဲ့သော တစ်ဆယ့်နှစ်လရာသီပွဲတော် လူးတားများရှိခဲ့သည်။ တန်ခူးလဖွဲ့လူးတားကို လေ့လာပါက အင်းဝမြို့တော်တွင် ကျင်းပခဲ့သော သင်္ကြန်ပွဲတော်သည် စည်ကားသိုက်မြိုက်လှ၍ ရွှေဖလားဖြင့် ရေပက်ဖျန်းခြင်း၊ စောင်းညင်းများဖြင့် သာယာစွာ တီးခတ်ခြင်း၊ ပန်းနံ့သာရည်များဖြင့် ပက်ဖျန်းခြင်းကို တွေ့မြင်ရသည်။

"တာသဘင်ဝယ်၊ ဆင်ယင်တုပ၊ လွှရွှရွှတည့်၊ ငြိမ့်မျှစောင်းညင်း၊ အဲသီချင်းနှင့်၊ ထုံသင်းနံ့သာ၊ ရေသီတာဝယ် စမ္ပာကရမက်၊ ပန်းပေါင်းဖက်၍၊ ရွှေခွက်အပြည့်၊ မွှေးမျိုးထည့်ကာ၊ သည်လှယ်ဆူလှယ်၊ စံတင့်ပယ်လျက်၊ မြူးရယ်ရွှင်အား၊ လွန်ပျော်ပါးသည်၊ ကစားထုံရည်၊ ဖျန်းတည့်လေး၊ ပွင့်လင်းစည်သည်၊ ရွှေပြည်ရွှေဝ နန်းတည့်လေး" စသည်ဖြင့် ရေးဖွဲ့ခဲ့ပါသည်။

လွန်ခဲ့သောခရစ်နှစ် ၁၇၉၅ခုနှစ်တွင် ပဲခူးမြို့သို့ ဗြိတိသျှသံအမတ် ကပ္ပတိန် မိုက်ကယ်ဆိုင်းဆိုသူ ရောက်ရှိခဲ့သည်။ ထိုသံအမတ်ရောက်ရှိချိန်သည် နှစ်သစ်ကူးရေသဘင်ပွဲတော်ချိန်နှင့် ကြုံကြိုက်နေသည်။ သံအမတ်ကသူ၏မှတ်တမ်းတွင် ပဲခူးမြို့ဝန်၏ သမီးပျိုကလေးက မိဘနှစ်ပါးအား စန္ဒကူးနှင်းရည်ဖြင့် ရိုသေစွာရေကန်တော့ပုံနှင့် သင်္ကြန်ရေကစားသူများသည် သန့်ရှင်းသောရေဖြင့် ယဉ်ကျေးသိမ်မွေ့စွာ ရေပက်ဖျန်းကြပုံကို အမှတ်တရမှတ်တမ်းတင်ခဲ့သည်။ သို့အတွက် မြန်မာတို့ဂုဏ်ယူကြရသည်။ ထိုအစဉ်အလာ ယဉ်ကျေးမှုကိုလည်း ဆက်လက်ထိန်းသိမ်းကြရပါမည်။

ကုန်းဘောင်ခေတ် မဟာရာဇဝင်ကြီး တတိယတွဲ (စာ/၃၁၁)တွင် ရတနာပုံခေတ် မင်းတုန်းမင်းကြီးလက်ထက်၌ အတာသင်္ကြန်ပွဲတော် ကျင်းပခဲ့ပုံကို-

"နှောင်းတန်ခူးလပြည့်ကျော် ဆယ်ရက် တနင်္ဂနွေနေ့တွင် အရှင်နှစ်ပါးသည် ရွှေနန်းတော်အတွင်း သင်္ကြန်ခေါ်မြေအရပ်တွင် အတာသင်္ကြန်ခေါ်တော်မူသည်။မှန်နန်းတော်ဘမရာသနပလ္လင်၊ မနောမဟာရထီးဖြူတော်အောက်တွင် အတာပွဲတော် တည်တော်မူသည်။ မင်းညီမင်းသား၊ မှူးတော် မတ်တော်တို့ကိုလည်း အတာသင်္ကြန် ထမင်းကျွေးတော်မူသည်။ မြို့တော်တွင်းရှိကြသော ဒုက္ခိတပေါင်း ၂၁၆ ယောက်တို့ကိုလည်း တစ်ဦးလျှင် ငွေဒင်္ဂါးပြား ၂၀ စီ ပေးကမ်းလှူဒါန်းတော်မူသည်"ဟု သမိုင်းမှတ်တမ်းတင်ခဲ့ပါသည်။

မြန်မာစာ မြန်မာမှုတွင် "သင်္ကရာဇ်"ဟု ရေးသားသုံးစွဲနေခြင်းကို တွေ့ရှိရသည်။ လူ့သမိုင်းအစတွင် နေနှင့်လ၊ နေ့နှင့်ည ဖြစ်ပေါ်ချိန်၌ သိကြားမင်းသည် လူ့ပြည်သို့ ဆင်းသက်လာခဲ့သည်။ ခု၊ နှစ်၊ လများကို လူတို့အတွက် စီမံပေးသည်ဟုဆိုပါသည်။ သိကြားမင်းစီမံပေးခြင်းဖြစ်သည့်အတွက် သိကြားမင်း၏နာမည် "သက္ကရာဇာ"ကို အစွဲပြု၍ "သင်္ကရာဇ်"ဟု ရေးသားသုံးစွဲခြင်းဖြစ်သည်ဟု ဆိုပါသည်။

အင်ရုံရွာစား ဝန်ကြီး သီရိဥဇနာ ရေးသားခဲ့သော "လောကဗျူဟာ"ကျမ်းတွင် သင်္ကြန်ကျချိန်၌ အချက်ပေးသည့် သင်္ကြန်အမြောက်ပစ်ဖောက်ခြင်းကို ရေးသားမှတ်တမ်းတင်ခဲ့သည်။ တိုင်းသူပြည်သားများအား သင်္ကြန်ကျချိန်ကို သိရှိစေရန်ဖြစ်သည်။

လွှတ်တော်ရှေ့တွင် အမြောက် တစ်ပိဿာဝင် ငါးစင်း၊ ရွှေမြို့တော်မျက်နှာစာ အရပ်လေးမျက်နှာတွင် ၅၀ ကျပ်သားဝင်၊ ၂၅ ကျပ်သားဝင် အမြောက်ငါးစင်းစီ စုစုပေါင်း အမြောက် ၂၅ စင်း အသင့်ချထားသည်။

သင်္ကြန်ပြောင်းချိန်၊ သင်္ကြန်ကျချိန် ရောက်ရှိသောအခါ ဖြတိုက်တော်မှ လူပညာရှိဗေဒင်တတ်၊ ပုဏ္ဏားဗေဒင်တတ်တို့ ထွက်ရှိလာပြီး လွှတ်တော်ရှေ့ရှိ အမြောက်ကြပ် အကြီးအမှူးတို့အားအမြောက်ငါးစင်းကို ပစ်ဖောက်စေသည်။ အမြောက်သံကြားလျှင် မြို့တော်ပတ်လည်ရှိ အမြောက် ၂၀ သည်လည်း တစ်ချိန်တည်း ပစ်ဖောက်ကြသည်ဟု သမိုင်းမှတ်တမ်းတင်ခဲ့ပါသည်။

မြန်မာနိုင်ငံ နှစ်သစ်ကူး သင်္ကြန်သမိုင်းတွင် သင်္ကြန်ပွဲတော် ကျင်းပခဲ့သည်မှာ ယနေ့ထက်တိုင်ပင်ဖြစ်သည်။ နှစ်သစ်ကူးပွဲတော်ကို မြို့တော်များမှသည် ကျေးလက်တောရွာ ဇနပုဒ်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပနေဆဲလည်း ဖြစ်ပါသည်။

ရှေးခေတ်အခါက လုလင်ပျိုများသည် ရပ်ကွက်အတွင်း၊ ကျေးရွာအတွင်းသို့ လှည့်လည်ကာ လှပျိုဖြူများကို နံ့သာရည်များဖြင့် ရေလောင်းခြင်း ပြုကြသည်။ အုပ်ထိန်းသူ မိဘများထံတွင် သမီးကညာကို ရေလောင်းခွင့်ပြုရန် ခွင့်တောင်းကြသည်။ သမီးကညာများက တဘက်ထူထူကိုခြုံကာ ထိုင်၍ ရေလောင်းခံကြသည်။ လုလင်ပျိုများကလည်း အသာအယာပင် ယဉ်ကျေးစွာ နံ့သာရည်ကို လောင်းကြသည်။

ရွာကာလသားခေါင်းများက ဦးဆောင်၍ အိုးစည်ဝိုင်း၊ ဒိုးပတ်ဝိုင်းများဖြင့် လှည့်လည်ကာ အလှူခံကြသည်။ ဦးရွှေရိုးအက၊ ဆံတောက်ပိုးအက၊ နှစ်ကိုယ့်တစ်စိတ်အကများကို ကပြကြသည်။ ရရှိသော အလှူငွေများကို မတည်ကာ ရွာလယ်ကောင် သင်္ကြန်မဏ္ဍပ်တွင် မုန့်လက်ဆောင်း၊ သာဂူ၊ မုန့်လုံးရေပေါ် စသည်တို့ကို တိုက်ကျွေးကြသည်။

သင်္ကြန်ကာလတွင် ဥပုသ်သီတင်းစောင့်ကြသည်။ တံတားအို၊ တံတားပျက်များကို ပြင်ဆင်မွမ်းမံကြသည်။ ရေနည်းပါးသော ရေတွင်းရေကန်များကိုဆယ်၍ သန့်ရှင်းကြသည်။ နှစ်ဆန်းတစ်ရက်နေ့တွင် ငါးလွှတ်ပွဲများ ကျင်းပကြသည့်အပြင် အိုမင်းလာသော ခိုင်းနွားကြီးများကိုလည်း ဘေးမဲ့ပေးကြသည်။ သက်ကြီးပူဇော်ပွဲများလည်း ကျင်းပကြသည်။ အဘိုးအို၊ အဘွားအိုများကို ခေါင်းလျှော်ပေးခြင်း၊ ခြေသည်း၊ လက်သည်း လှီးဖြတ်ပေးခြင်းလည်း ပြုကြသည်။

မင်္ဂလာတရားတော်နှင့်အညီ နှစ်ဆန်းတစ်ရက်နေ့တွင် မင်္ဂလာရှိသောအပြုအမူ၊ ကိုယ်ကျင့်တရားများကို ပြုကျင့်ကြရမည်။ အရက်သေစာ မူးယစ်ဆေးဝါးအသုံးပြုခြင်းကို ရှောင်ကြဉ်ကြရမည်။ ပညာရှိများကို မှီဝဲဆည်းကပ်ကြရမည်။ လူမိုက်ကို ရှောင်ရှားကြရပါမည်။ ကောင်းမှုကုသိုလ်များ ပြုကြရပါမည်။ (၃၈)ဖြာမင်္ဂလာတရားများကို ထာဝစဉ်စောင့်ထိန်းလိုက်နာကြရပါမည်။ ထိုအခါ မြန်မာ့လူနေမှုဘဝသည် စည်ပင်သာယာလျက် လှပကာကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံ၍ နေမည်။

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို ရိုးရာဓလေ့နှင့်အညီ ကျင်းပသွားကြရပါမည်။ ။

မြန်မာ့နှစ်ဆန်းချစ်ပန်းလက်ာ

❊ မြန်မာ့နှစ်ဆန်း၊ လှသစ်လန်းမို့
ချစ်ပန်းလင်္ကာ၊ မင်္ဂလာဖြင့်
ရင်မှာဝေဖူး၊ နွေတန်ခူး၏
ရွှေဦးသိင်္ဂီ၊ ပိတောက်ဝါနှင့်
ငုဝါသရဖီ၊ ကံ့ကော်စီလို့
နေခြည်ဖြာဆမ်း၊ ရွှေရည်လွှမ်းနေ
ကြည့်လျှမ်းစည်ကား၊ စေတီများတည့်
တည်ထားကောင်းမြတ်၊ ကျောင်းဇရပ်တို့
ပေါင်းစပ်နယ်တွင်း၊ လယ်တလင်းတွေ
ကျယ်ဝန်းရွှေပြောင်၊ ဘာသာရောင်လည်း
သာခေါင်ထွတ်မြတ်၊ မြို့ရွာရပ်နှံ့
ပတ်လွှဲ့စုန်ဆန်၊ ဆိုင်းဗုံသံကြား
ဂုဏ်ဟန်ကြွားတူ၊ ပွဲအလှူတော်
နွှဲယူပျော်ကြ၊ နှစ်ဦးစတိုင်း
မြန်မာ့ရိုးရာ၊ မြတ်နိုးစွာပင်
သီတာသဘင်ပွဲ၊ ဆင်ယင်နွှဲခဲ့
မြိမ့်သဲစည်စွာ၊ ပြည်မြန်မာတည်း. . . .။
❊ နံ့သာငွေခွက်၊ သပြေခက်နှင့်
ရေပက်သွန်းကာ၊ တောင်ကျွန်းသာစေ
ညွန်းလာဆောင်တိတ်၊ အောင်နိမိတ်တည့်
ဂုဏ်ဟိတ်သာကီ၊ မြန်မာပြည်ကြီး
အောင်စည်ဟည်းခဲ့၊ မြည်ဟည်းလျှံဝေ
ဖျောသံတွေနှင့်၊ ဒို့မြေသာစွ
ရိုးရာလှကို၊ ကာလရှည်လျား၊
ထိန်းသိမ်းသွားဖို့ ကြီးမားတာဝန်
မျိုးဆက်မွန်တို့ ကျေပွန်ကြပါစေသတည်း. . .။

ပျဉ်းမနားမြင့်လှိုင်

သတိ

၁။ လေပေါင်(၁၀၀)မှ(၁၅၀)အထိ အတင်အချပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံသူတွင် အသားရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအား ထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များအသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ်နံနက် (၀၇း၀၀) နာရီမှ (၁၈း၀၀)နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် (၁၈း၀၀)နာရီ နောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။

၃။ တားမြစ်ချက်အားဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူခံရမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများမပြုလုပ်ရန်။

(ဂ) အချင်းချင်းဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့်ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆို ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

ရန်ကုန်တိုင်း မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

➘ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
➘ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
➘ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ရေခဲထုပ်၊ ရေပူဖောင်း၊ ဆပ်ပြာရည် ဂက်စ်ဘူးဖြင့် ကစားက

❶ လက်ဝယ်တွေ့ရှိသူ - ထောင် (၁) နှစ်
❷ ကစားသူ - ထောင် (၃) နှစ်
❸ ထုတ်လုပ်ရောင်းချသူ - ထောင် (၅) နှစ် နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

သတိ

သင်္ကြန်ကာလအတွင်း အရက်/ဘီယာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချခြင်း၊ ရေကစား မဏ္ဍပ်များအနီးနှင့် အခြားနေရာများတွင် တရားမဝင် ရောင်းချခြင်းများ မပြုလုပ်ရန် တားမြစ်သည်။

ရန်ကုန်တိုင်း
မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

သတိ

➠ ရန်ကုန်မြို့တော်အတွင်း ဟွန်းမတီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

ကြိုဆို နှုတ်ဆက်

ဧပြီ ၁၀ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီးတို့ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့ သမ္မတနိုင်ငံ ခေါင်းဆောင်ကြီး H.E. Mr. Kim IL Sung ၏ မွေးနေ့ ညစာခံပွဲ အခမ်းအနားသို့ တက်ရောက်လာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Sok Chol နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ မူးတိမ်ချောင်းကူးတံတားဖွင့်ပွဲ တက်ရောက်

နေပြည်တော် ဧပြီ ၁၀

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ထောက်ပံ့ငွေ၊ အဖွဲ့ရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေတို့ဖြင့် ဆောင်ရွက်ပြီးစီးသော မူးတိမ်ချောင်းကူးတံတား ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၈ ရက်တွင် အဆိုပါတံတား၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေတို့ တက်ရောက်အားပေးကြသည်။

အဆိုပါ တံတားသည် အလျား၁၄၅ ပေ၊ အကျယ် ၁၂ပေရှိပြီး ရွှေဘိုမြို့နယ် ညောင်ကိုင်းကျေးရွာအုပ်စု မင်းပေးကျေးရွာ နှင့် ဇီးဖြူကုန်းကျေးရွာချင်းဆက်လမ်းပေါ်ရှိ မူးတိမ်ချောင်းကို ဖြတ်သန်းဖောက်လုပ်ထားခြင်းဖြစ်သည်။

ယခင်က လှေဖြင့် တစ်ရွာနှင့်တစ်ရွာ ဖြတ်သန်းသွားလာနေခဲ့ရာမှ တံတားပြီးစီးသွားပြီဖြစ်၍ ဒေသခံ ကျေးရွာ ၁၂ ရွာမှ ပြည်သူများ အလွယ်တကူသွားလာအသုံးပြုနိုင်ပြီဖြစ်သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် ဧပြီ ၆ ရက်တွင် ဝက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဝက်လက်-ရွာသာကြီး-ခေါ်တော ကျေးလက်ကျောက်ချောလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလမ်းသည် ၂၀၀၈-၂၀၀၉ခု ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်နေသော လမ်းဖြစ်ပြီး လမ်းအရှည်တစ်မိုင် ခုနစ်ဖာလုံ၊ အကျယ် ၁၂ပေ ရှိသည်။ လမ်းပြီးစီးသွားပါက ကျေးရွာကိုးရွာကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ဒုတိယဝန်ကြီးသည် ဧပြီ ၇ ရက်တွင် ဝက်လက်မြို့နယ် ရှိမ္ဗကားစံပြကျေးရွာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ရှိမ္ဗကားကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေပေးရေးဆောင်ရွက်နေမှုနှင့် လမ်းပြုပြင်ဆောင်ရွက် ပေးနေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဒုတိယဝန်ကြီးက ကျေးရွာကိုယ့်အားကိုယ်ကိုး မီးသတ်ကားဝယ်ယူရန်အတွက် ငွေကျပ်တစ်သိန်း၊ ကျေးရွာစာကြည့်တိုက်အတွက် ငွေကျပ်တစ်သိန်း၊ တိုက်နယ်ဆေးရုံအတွက် ငွေကျပ်တစ်သိန်းလှူဒါန်းပြီး ဘရဏီ အင်ဂျင်နီယာကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်ဝင်းက ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဝက်လက် - အင်ကြွင်းပင် - ရှိမ္ဗကားကျေးလက်လမ်း ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေသော လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလမ်းသည် ၂၀၀၈-၂၀၀၉ခု ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်နေသော လမ်းဖြစ်ပြီး အရှည်နှစ်မိုင်၊ အကျယ် ၁၂ပေရှိသည်။ လမ်းပြီးစီးသွားပါက ကျေးရွာ ၁၈ရွာကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေတို့ ရွှေဘိုမြို့နယ် မူးတိမ်ချောင်းကူးတံတား ဖွင့်ပွဲအခမ်းအနားကို တက်ရောက်အားပေးကြစဉ်။ (သတင်းစဉ်)

တတိယအကြိမ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ကုန်သွယ်ရေးပူးတွဲကော်မရှင်အစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၁၀

တတိယအကြိမ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံကုန်သွယ်ရေး ပူးတွဲကော်မရှင်အစည်းအဝေးကို ဧပြီ ၇ ရက်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အတွင်းဝန် H.E. Mr. Feroz Ahmed ခေါင်းဆောင်သော ဘင်္ဂလားဒေ့ရှ်ကိုယ်စားလှယ်အဖွဲ့တို့က နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်နိုင်ရေးကိစ္စများကို ဆွေးနွေးကြသည်။

အဆိုပါအစည်းအဝေးသို့ နှစ်နိုင်ငံမှ တာဝန်ရှိသည့် ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်နိုင်ရေးအတွက် လယ်ယာထွက်ကုန် အပါအဝင် မြန်မာ့ပို့ကုန်များ တိုးချဲ့တင်ပို့ရေးကိုလည်းကောင်း၊ အလားအလာရှိသော ကုန်သွယ်မှုလုပ်ငန်းများပူးပေါင်း ဆောင်ရွက်ရေးကို လည်းကောင်း ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၄-၂၀၀၉ (စနေနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo
ပဋ္ဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊မောရ္ဘိုက်သုတ်၊ ပုဗ္ဗဏှသုတ်
၅း၁၅ MRTV-4 နံနက်ခင်းသတင်း
၆း၀၀ ''အစွမ်းထက်သောပရိတ်များ''
(ကျိုက်ထိုဆရာတော် အရှင်နန္ဒောဘာသာဘိဝံသ)
၆း၅၀ အံ့ဖွယ်ထူးခြားဖြစ်စဉ်များနှင့် ဖူးမဝတဲ့ဆံတော်ရှင် ဦးဖိုးစေတီ
၇း၀၀ ရတနာသိုက်ရှာပုံတော်(အပိုင်း-၁)
၇း၃၀ Tom & Jerry
၈း၀၀ MRTV-4 နံနက်ခင်းသတင်း
၈း၄၅ လွင်မိုးခရီးသွားနေသည် (ချင်းပြည်နယ်ခရီးစဉ် အပိုင်း-၁)
၉း၂၀ သကြ်န်နှင့် အသားအရေထိန်းသိမ်းခြင်း
၉း၄၅ မျောလေးမျောသမိုင်းဝင်
ဇမ္ဗူတစ်ခွင်ကြည်ညိုဝပ်တွား ကျိုက်ပေါလောမွဲ့ရှင်တော်ဘုရား
၁၀း၁၅ ဒေသရောအစားအစာ ပုသိမ်ဟာလဝါ
၁၀း၂၅ MRTV-4 စာအုပ်စင်ကဏ္ဍ (ဓမ္မစက္ကဦးမောင်မောင်နှင့်တွေ့ဆုံခြင်း)
၁၁း၀၅ ရန်နံ့သင်းမွှေးသကြ်န်ထမင်းအေးအေးလေး
၁၁း၁၅ ခါသကြ်န်အဆိုအကများ
၁၁း၃၅ စားချင်စဖွယ်နည်းအသွယ်သွယ် (ရှုဗတ်အစားအစာပြုလုပ်နည်း)
၁၁း၅၀ Estrogen မှ Functional Cosmetic ဆီသို့
၁၂း၁၀ ကြည်နူးရိပ်(ဗိုင်ဇေရဲထွန်း၊ကြည်လဲ့လဲ့ဦး၊ခိုင်နှင်းဝေ)
၁၂း၅၀ သစ်ရွက်ဆွေးသဘာဝမြေသြဇာပြုလုပ်သုံးစွဲပါ
(ဝိုင်းစုခိုင်သိန်း၊ ဒါရိုက်တာဖုန်းမြင့်အောင်)
၁း၀၀ ''အစွမ်းထက်သောပရိတ်များ''
(ကျိုက်ထိုဆရာတော် အရှင်နန္ဒောဘာသာဘိဝံသ)
၁း၅၀ ရေကြည်မြို့နယ်မှ ကျုံတာမြစ်ကျိုးအင်း
၂း၀၅ Fashion Guide (သကြ်န်ဖက်ရှင်)
၂း၂၅ အရက်အန္တရာယ်(သိပ္ပံမှူးတင်)
၂း၄၅ စိတ်ဝင်စားစရာကျောက်မျက်ကမ္ဘာ
(မြန်မာ့ကျောက်စိမ်းမြန်မာ့အနုပညာ)
၃း၁၀ ရန်အောင်သကြ်န်
၃း၄၀ Word's Greenest Homes
၄း၀၀ ဆန်းစစ်လေ့လာသကြ်န်အကပညာ
၄း၂၀ Colorful System of River
၅း၁၅ ဓာတ်ပုံထဲကအမှတ်တရများ(သရုပ်ဆောင်ပုလဲဝင်း)
၅း၄၀ ရွှေအဆင်းဖြင့် ဖြူဝင်းစေမည့် လှပမှုအဆုံးစွန် Aron
၆း၀၀ MRTV-4 ညနေခင်းသတင်း
၆း၁၅ လွင်မိုးခရီးသွားနေသည် (ချင်းပြည်နယ်ခရီးစဉ် အပိုင်း-၁)
၆း၄၅ သွားမယ်စားမယ် (BG * 56 Cafe Food House)
၇း၀၅ စင်မြင့်ပေါ်ကတတိယအကြိမ်မြောက်ဆုနှင်းသဘင်
၇း၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၇း၄၀ တိရစ္ဆာန်လေးတွေမွေးကြမယ်
၈း၀၀ MRTV-4 သတင်း
၈း၁၅ Fashion Guide (သကြ်န်ဖက်ရှင်)
၈း၃၅ ခါသကြ်န်အဆိုအကများ
၉း၀၀ မြို့ပြခရီး (Uruguay နိုင်ငံမှ Montevideo မြို့အကြောင်း)
၉း၃၀ ရတနာသိုက်ရှာပုံတော်(အပိုင်း-၁)
၁၀း၀၀ လှုပ်ရှားစုံစုံမြန်မာ့သုခမဇာတ်ခုံ
(သစ္စာမေတ္တာရွှေမန်းသဘင် အပိုင်း-၁)
၁၀း၃၀ အင်းမရိုးရာရက်ကန်းချည်ထည်
၁၀း၄၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁၂း၄၅ ဟန်ဆောင်ကာမူပို
၁း၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **VHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League ပွဲစဉ်(၃၂)ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၁၀	Liverpool - Blackburn	ESPN (Live)
၈း၂၅	Chelsea - Bolton	ESPN (Live)
	Sunderland - Man Utd	STAR SPORTS (Live)
၁၁း၀၀	Tottenham - West Ham	ESPN (SDD)

အသက်ကယ်နည်းစနစ် သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ အသက်ကယ်နည်းစနစ်သင်တန်း အမှတ်စဉ်(၁၁/၂၀၀၉)သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) ကျန်စစ်သားခန်းမ၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းကို ရက်သတ္တခြောက်ပတ်ကြာ သင်တန်းသား ၄၀ ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

☆ ကျောဖုံးမှ

အခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူသည်။

ငွေဓားဆု ချီးမြှင့်

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၂)မှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းဟန်ထွန်းအား ငွေဓားဆု ချီးမြှင့်စဉ်။

(သတင်းစဉ်)

ချီတက်အလေးပြု

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးပြီး ဗိုလ်လောင်းတပ်ခွဲများ၏ အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက် အလေးပြုခြင်းကို ခံယူသည်။

ငွေဓားဆု ချီးမြှင့်

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၂) မှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ်(၉၆) ဗိုလ်လောင်းဟန်ထွန်းအား ငွေဓားဆုချီးမြှင့်သည်။

မိန့်ခွန်းပြောကြား

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက သင်တန်းဆင်းဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားသည်။

ပြန်လည်ထွက်ခွာ

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် စစ်ရေးပြကွင်း အတွင်းမှ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးစဉ်။

(သတင်းစဉ်)

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၂) သင်တန်းဆင်းပွဲသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။

(သတင်းစဉ်)

ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်း သင်တန်း အမှတ်စဉ်(၁၁၂) သင်တန်းဆင်း ဂုဏ်ပြု စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရ စဉ်။

(သတင်းစဉ်)



တပ်နဲ့ပြည်သူ
ပြည်သူကလ
အင်အားတော

★ ကျောဖုံးမှ

ခေါင်းဆောင်ကောင်းအဖြစ်ကို ရရှိမှာဖြစ်

ရဲဘော်တို့-

စစ်ဘက်ခေါင်းဆောင်ကောင်းတစ်ဦးပ
တည်ဆောက်နိုင်စွမ်းရှိရမယ်။ ကောင်း
အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်ဆို
အဲဒီတပ်ရင်းမှာရှိတဲ့ အရာရှိ၊ အရာခံ၊ အကြပ်
စိတ်ဓာတ် ကောင်းခြင်း၊ စည်းကမ်းကောင်းခြ
စွမ်းရည်သုံးရပ်ပြည့်စုံခြင်းဆိုတဲ့ အရည်အချ
ဒီလိုပြည့်စုံအောင် လေ့ကျင့်ရေး၊ အ
စိတ်ဓာတ်ဆိုတဲ့ တပ်တည်ဆောက်ရေး လုပ်
ကြရမှာ ဖြစ်တယ်။

လေ့ကျင့်ရေးကို ပြုလုပ်ခြင်းအားဖြင့်
မိမိကိုယ်မိမိ ယုံကြည်မှုရှိခြင်းတို့ကို ရရှိစေမှာဖြ
လုပ်ငန်းဆောင်တာ အ၀၀ကို အောင်မြင်
သက်သာချောင်ချိရေးကို ဆောင်ရွက်ပေးခြင်း
အထောက်အကူပြုမှာဖြစ်ပြီး တပ်ကို စိတ်
စည်းကမ်းနဲ့ အကျင့်စာရိတ္တကောင်းမွန်ခြင်း၊ ဖွဲ့
စိတ်ရှိခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ နိုင်ငံနဲ့လူမျိုး
မျိုးချစ်စိတ်ဓာတ်ထက်သန်လာခြင်းနဲ့ ဒို့တာ
ယုံကြည်ခံယူလာခြင်းတို့ကို ရရှိစေမှာဖြစ်တ
ဒီလိုတည်ဆောက်မှသာ ရဲဘော်တို့ရဲ့
တပ်မတော်ရဲ့ အစဉ်အလာကောင်းတွေကို ဆ

ရဲဘော်တို့-

ဒီတပ်မတော်ဟာ မျိုးချစ်တပ်မတော်၊
စိတ်ဓာတ်မြင့်မြတ်သော တပ်မတော်၊ အ

တပ်မတော်က နိုင်ငံတော်ရဲ့တာဝန် ယူလိုက်ရခြင်းဟာ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်ဖို့နဲ့ ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ပေးဖို့ဖြစ်. . .

မျိုးချစ်တပ်မတော်ပီပီ သူများတစ်လှမ်းလှမ်းရင် ကိုယ်ဆယ်လှမ်းလှမ်းမယ်ဆိုတဲ့ ခံယူချက်နဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို မနားမနေ တည်ဆောက်ခဲ့. . .

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကိုယ်စား) ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

တပ်နဲ့ပြည်သူ တစ်သားတည်းဖြစ်ပြီး တပ်မတော်ကပြည်သူကို အကျိုးပြုဖို့နဲ့ ပြည်သူကလည်း တပ်မတော်ကို မဏ္ဍိုင်ပြုပြီး နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်

အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်

★ **ကျောဖုံးမှ**

ခေါင်းဆောင်ကောင်းအဖြစ်ကို ရရှိမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့-

စစ်ဘက်ခေါင်းဆောင်ကောင်းတစ်ဦးဟာ တပ်ကို ကောင်းအောင် တည်ဆောက်နိုင်စွမ်းရှိရမယ်။ ကောင်းတဲ့တပ်ဆိုတာဟာ စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်ဆိုတဲ့ စွမ်းရည်သုံးရပ်နဲ့ ပြည့်စုံရမယ်။ အဲဒီတပ်ရင်းမှာရှိတဲ့ အရာရှိ အရာခံ၊ အကြပ်တပ်သားအားလုံးဟာ အခြေခံအားဖြင့် စိတ်ဓာတ် ကောင်းခြင်း၊ စည်းကမ်းကောင်းခြင်း၊ သစ္စာရှိခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ စွမ်းရည်သုံးရပ်ပြည့်စုံခြင်းဆိုတဲ့ အရည်အချင်းငါးပါးနဲ့ ပြည့်စုံကြရမယ်။

ဒီလိုပြည့်စုံအောင် လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး သက်သာချောင်ချိရေးနဲ့ စိတ်ဓာတ်ဆိုတဲ့ တပ်တည်ဆောက်ရေး လုပ်ငန်းတာဝန်ကြီး(၄)ရပ်နဲ့ တည်ဆောက်ကြရမှာ ဖြစ်တယ်။

လေ့ကျင့်ရေးကို ပြုလုပ်ခြင်းအားဖြင့် အမိန့်နာခံတတ်ခြင်း၊ ကျွမ်းကျင်ခြင်း၊ မိမိကိုယ်မိမိ ယုံကြည်မှုရှိခြင်းတို့ကို ရရှိစေမှာဖြစ်ပြီး အုပ်ချုပ်ရေးကောင်းခြင်းကတော့ လုပ်ငန်းဆောင်တာ အဝဝကို အောင်မြင်စေဖို့ အထောက်အပံ့ပြုမှာ ဖြစ်တယ်။ သက်သာချောင်ချိရေးကို ဆောင်ရွက်ပေးခြင်းအားဖြင့် စိတ်ဓာတ်ကောင်းမွန်ရေးကို အထောက်အကူပြုမှာဖြစ်ပြီး တပ်ကို စိတ်ဓာတ်နဲ့ တည်ဆောက်ခြင်းအားဖြင့် စည်းကမ်းနဲ့ အကျင့်စာရိတ္တကောင်းမွန်ခြင်း၊ ဇွဲလုံ့လဝီရိယရှိခြင်း၊ အချင်းချင်း ရဲဘော်စိတ်ရှိခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ နိုင်ငံနဲ့လူမျိုးအတွက် စွန့်လွှတ်စွန့်စားလိုစိတ်ရှိခြင်း၊ မျိုးချစ်စိတ်ဓာတ်ထက်သန်လာခြင်းနဲ့ ဒို့တာဝန်အရေးသုံးပါးကို ခြေခြေမြစ်မြစ် ယုံကြည်ခံယူလာခြင်းတို့ကို ရရှိစေမှာဖြစ်တယ်။

ဒီလိုတည်ဆောက်မှသာ ရဲဘော်တို့ရဲ့ တပ်ဟာ စွမ်းရည်သုံးရပ်နဲ့ ပြည့်စုံပြီး တပ်မတော်ရဲ့ အစဉ်အလာကောင်းတွေကို ဆက်လက်သယ်ပိုးသွားနိုင်မှာ ဖြစ်တယ်။

ရဲဘော်တို့-

ဒို့တပ်မတော်ဟာ မျိုးချစ်တပ်မတော်၊ စွန့်လွှတ်စွန့်စားသော တပ်မတော်၊ စိတ်ဓာတ်မြင့်မြတ်သော တပ်မတော်၊ အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်တဲ့ ရဲစွမ်းသတ္တိရှိတဲ့ တပ်မတော်စတဲ့ အစဉ်အလာကောင်းတွေနဲ့ ပြည့်စုံတဲ့ တပ်မတော် ဖြစ်တယ်။

ယနေ့ တပ်မတော်စည်းရုံးရေးကော်မတီ အဆင့်ဆင့်ဟာ တပ်မတော်ရဲ့ ကောင်းမြတ်တဲ့ အစဉ်အလာ(၁၂)ရပ်ကို တပ်မတော်သားအားလုံးက အသိနဲ့ယှဉ်ပြီး လက်ဆင့်ကမ်း သယ်ဆောင်နိုင်ဖို့အတွက် ဦးတည်ဆောင်ရွက်လျက်ရှိတယ်။ ထို့အတူပဲ တပ်နဲ့ပြည်သူ တစ်သားတည်းဖြစ်ပြီးတော့ တပ်မတော်က ပြည်သူကို အကျိုးပြုဖို့နဲ့ ပြည်သူကလဲ တပ်မတော်ကို မဏ္ဍိုင်ပြုပြီး နိုင်ငံတော်ကို ဝိုင်းဝန်း တည်ဆောက်ခြင်းနဲ့ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ခြင်းတို့ကိုပြုနိုင်ဖို့ အတွက်လဲ ဖော်ဆောင်ပေးလျက်ရှိတယ်။ ရဲဘော်တို့ဟာ တပ်မတော်စည်းရုံးရေးကော်မတီ အဆင့်ဆင့်ရဲ့ ဦးဆောင်မှုကိုခံယူပြီး တပ်မတော်ကို **အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီမျိုးချစ်တပ်မတော်** အဖြစ် တည်ဆောက်ရေးနဲ့ ပြည်သူနဲ့ တစ်သားတည်းဖြစ်ရေးတို့ကို ဆောင်ရွက်ကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့-

လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ ပေါက်ဖွားခဲ့တဲ့ ဒို့ရဲ့မျိုးချစ်တပ်မတော်ဟာ ပြည်သူ့ကြားမှာ တစ်သားတည်းနေထိုင်ကြရတဲ့အခါ ကိုယ်ပိုင်အသိနဲ့ စည်းကမ်း ကောင်းမွန်ခဲ့တာဖြစ်တယ်။ ဒါကြောင့်လဲ မြင့်မြတ်တဲ့ တပ်မတော်သားတွေဖြစ်ခဲ့ကြတယ်။ တပ်မတော်ရဲ့ အစဉ်အလာကောင်းတွေကို ဆက်လက်သယ်ပိုးနေတဲ့ ရဲဘော်တို့ဟာလည်း စည်းကမ်းအရာမှာ စံနမူနာပြ ဖြစ်ဖို့လိုတယ်။ တပ်မတော်ဆိုတာ စည်းကမ်းကိုမဏ္ဍိုင်ပြုပြီး ဖွဲ့စည်းထားတာဖြစ်တယ်။ ဒါကြောင့် နယ်ဘက်ဥပဒေ အပြင် စစ်ဘက်ဥပဒေနဲ့ စစ်စည်းကမ်းတို့ကိုလဲ လိုက်နာကြရမယ်။ ထို့အတူပဲ စစ်သည်တော်ကျင့်ဝတ်ကိုလဲ ခါးဝတ်ပုဆိုးပမာ မြဲမြံစွာစောင့်ထိန်းကြရမယ်။ တစ်ဦးချင်းအနေနဲ့ ပြုကျင့်ရမယ့် ကျင့်ဝတ်၊ အကြီးအကဲများအပေါ် ပြုကျင့်ရမယ့် ကျင့်ဝတ်၊ လက်အောက်ငယ်သားများအပေါ် ပြုကျင့်ရမယ့် ကျင့်ဝတ်၊ အခြားရဲဘော်များအပေါ် ပြုကျင့်ရမယ့် ကျင့်ဝတ်၊ ပြည်သူလူထုအပေါ်ပြုကျင့်ရမယ့် ကျင့်ဝတ်နဲ့ ရန်သူအပေါ် ပြုကျင့်ရမယ့် ကျင့်ဝတ်စတဲ့ ကျင့်ဝတ်အသီးသီးမှာပါဝင်တဲ့ အချက်တစ်ချက်ချင်းရဲ့ အနှစ်သာရကို အလေးအနက် နားလည်ခံစားပြီး လိုက်နာကြရမယ်။ စစ်သည်တော်ကျင့်ဝတ်ကို အမှန်သာလိုက်နာမယ်ဆိုရင် တပ်မတော်သားကောင်းဆိုတဲ့ နှစ်လိုဖွယ်ရာဘဝကို ရရှိကြမှာဖြစ်တယ်။

တပ်မတော်သားကောင်းတွေဖြစ်တဲ့ ရဲဘော်တို့ဟာ ပြည်သူကြားမှာ တစ်သားတည်းနေထိုင်ပြီး ပြည်သူကို မိဘအရင်းလို ပြုစုစောင့်ရှောက်ရမယ်။ ပြည်သူ့အကျိုးပြုလုပ်ငန်းဟာ ဒို့တပ်မတော်ရဲ့ အဓိကတာဝန်တစ်ရပ်ဖြစ်တဲ့အတွက် ပြည်သူ့အကျိုးစီးပွားကို အစဉ်အမြဲဆောင်ရွက်ပေးကြရမယ်။

ရဲဘော်တို့-

၁၉၈၈ ခုနှစ်မှာ တပ်မတော်က နိုင်ငံတော်ရဲ့တာဝန် ယူလိုက်ရခြင်းဟာ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်ဖို့နဲ့ ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ပေးဖို့ ဖြစ်တယ်။ မျိုးချစ်တပ်မတော်ပီပီ သူများတစ်လှမ်းလှမ်းရင် ကိုယ်ဆယ်လှမ်း လှမ်းမယ်ဆိုတဲ့ခံယူချက်နဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို မနားမနေ တည်ဆောက်ခဲ့တယ်။ နိုင်ငံတော်မှာ အကြားအလပ်မရှိ တစ်ချိန်တည်း တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု စီမံကိန်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းတို့ကို ချမှတ်ပြီး ဆောင်ရွက်ခဲ့တာဟာ အနှစ်နှစ်ဆယ်ဆိုတဲ့ ကာလနဲ့မမျှအောင် နိုင်ငံတော်တစ်ဝန်းလုံးမှာ အခြေခံအဆောက်အအုံတွေကို တည်ဆောက်နိုင်ခဲ့ပြီး ဖြစ်တယ်။ ထို့အတူပဲ ၂၀၀၈ ခုနှစ်က ပြင်းထန်တဲ့ မုန်တိုင်း အန္တရာယ်ကြီး ကျရောက်တဲ့အခါမှာလဲ ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနဲ့ အနာဂတ်ကာလမုန်တိုင်းဒဏ်ကာကွယ်ရေး လုပ်ငန်းတွေကို အချိန်တိုအတွင်း အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့တယ်။ ဒါတွေဟာ အစိုးရ၊ ပြည်သူနဲ့ တပ်မတော်ဆိုတဲ့ အင်အားကြီးသုံးရပ် ကျစ်လျစ်ခိုင်မာစွာ လက်တွဲဆောင်ရွက်ခြင်းရဲ့ ရလဒ်ပဲဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ ဖွံ့ဖြိုးရေးစီမံကိန်းကြီး (၃)ခုအနက် ရောက်ရာဒေသမှာ ဆက်စပ်အကျုံးဝင်တဲ့ စီမံကိန်းကို ပြည်သူတို့နဲ့ လက်တွဲပြီး ဆောင်ရွက်ကြဖို့ ပြောကြားလိုတယ်။

ရဲဘော်တို့-

ဒို့နိုင်ငံမှာ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရပ်ဆိုင်းသွားပြီးနောက် ပြည်သူတွေလိုလားတဲ့ ဈေးကွက်စီးပွားရေးစနစ်နဲ့ ဒီမိုကရေစီကျင့်စဉ်ကို ဖော်ဆောင်နိုင်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ပေါ်ထွန်းလာရေးအတွက် အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ လက်တွဲကြိုးပမ်းခဲ့ကြရာမှာ ပြီးခဲ့တဲ့နှစ်က ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ပြည်သူတစ်ရပ်လုံးက အတည်ပြုပေးခဲ့ပြီးပြီ ဖြစ်တယ်။ ဒါကြောင့် လာမယ့် ၂၀၁၀ ပြည့်နှစ်မှာ ပါတီစုံ ဒီမိုကရေစီ ရွေးကောက်ပွဲကို စနစ်တကျ ကျင်းပပေးသွားမယ်။

ကမ္ဘာပေါ်မှာရှိတဲ့ အချို့သော နိုင်ငံတွေမှာ ဒီမိုကရေစီကျင့်စဉ်ဟာ ရင့်ကျက်ခြင်း မရှိသေးတဲ့အတွက် ရွေးကောက်ပွဲကာလမှာ ပြိုင်ဘက်ချင်း ပုတ်ခတ်ပြီး စည်းရုံးကြရာကနေ ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်မှုတွေဖြစ်ပြီး တိုင်းပြည်မှာ မငြိမ်မသက်ဖြစ်လေ့ရှိကြတယ်။ ဒီမိုကရေစီကျင့်စဉ် ရင့်ကျက်ခြင်း မရှိသေးခင် ပြန်လည်ပျက်ယွင်းသွားခြင်းမရှိရအောင် အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ လက်တွဲပြီး ဝိုင်းဝန်းစောင့်ရှောက်ပေးဖို့ လိုအပ်တယ်။ ဒါကြောင့် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲ ချောချောမောမော အောင်မြင်စေရေးအတွက် ရဲဘော်တို့ အနေနဲ့လဲ ပြည်သူနဲ့လက်တွဲပြီး ပါဝင်ကူညီ ဆောင်ရွက်ပေးကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့-

ဒို့တပ်မတော်ရဲ့ အဓိကတာဝန်ကြီးတွေဖြစ်တဲ့ နိုင်ငံတော် ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်း တာဝန်တို့အနက် နိုင်ငံတော် ကာကွယ်ရေးတာဝန်ဟာ အဓိကအကျဆုံးဖြစ်တယ်။

ရဲဘော်တို့ဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန်အတွက် လုပ်ငန်းခွင်အတွေ့အကြုံရရှိရေးကို ဦးစားပေးကြရမှာဖြစ်တယ်။ တပ်မတော်သားဘဝမှာ မည်သည့်အတတ်ပညာနဲ့ မည်သည့်တာဝန်ကို ထမ်းဆောင်ရသည်ဖြစ်စေ ပင်မတာဝန်ဖြစ်တဲ့ နိုင်ငံတော် ကာကွယ်ရေးတာဝန်အတွက် အမြဲတမ်း အသင့်ဖြစ်နေကြရမယ်။ ဒါကြောင့် ရဲဘော်တို့ဟာ တာဝန်ကျရာဒေသမှာ နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အတွေ့အကြုံတွေ ရရှိအောင် တက်တက်ကြွကြွ ဆောင်ရွက်ဖို့ မှာကြားလိုတယ်။

ရဲဘော်တို့-

နိဂုံးချုပ်အားဖြင့် ပြောကြားရရင်

- တပ်မတော်မှာ ခေါင်းဆောင်ကောင်းများ ဖြစ်လာအောင် မိမိကိုယ်မိမိ ပြုစုပျိုးထောင်ကြပါ။
- တပ်မတော် စည်းရုံးရေးကော်မတီ အဆင့်ဆင့်ရဲ့ ခေါင်းဆောင်မှုကို ခံယူပြီး တပ်မတော်ရဲ့ အစဉ်အလာ(၁၂)ရပ်ကို ဆက်လက်သယ်ပိုးကြပါ။
- တပ်မတော် သားကောင်းများ ဖြစ်စေရေးအတွက် စစ်စည်းကမ်းကို တိတိကျကျ လိုက်နာတဲ့နည်းတူ စစ်သည်တော်ကျင့်ဝတ်ကိုလဲ ခါးဝတ်ပုဆိုးပမာ မြဲမြံစွာ စောင့်ထိန်းကြပါ။
- တွေ့ကြုံရသမျှ ပြည်သူကို မိဘအရင်းလို ပြုစုစောင့်ရှောက်ကြပါ။
- နိုင်ငံတော်က ဆောင်ရွက်နေတဲ့ စီမံကိန်းကြီး (၃)ရပ်မှာ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြပါ။
- အစိုးရနဲ့ ပြည်သူလက်တွဲပြီး ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲကို ကျင်းပရာမှာ အောင်မြင်ချောမောစေရေးအတွက် ပါဝင်ကူညီ ဆောင်ရွက်ကြပါလို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

ပဲခူးတိုင်း အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် (၂၀၀၉)ဖွင့်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း တက်ရောက် အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၁၀

ပဲခူးတိုင်းအမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှုရက်သတ္တပတ် (၂၀၀၉) ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၄ ရက်တွင် တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီးဝင်းအတွင်း၌ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တောင်ငူမြို့တွင်းလမ်းများ၌ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ လမ်းဘေး ဝဲ၊ ယာ ရေနုတ်မြောင်းများ ဆယ်ယူနေမှုများ၊ ခြင်ဆေးဖျန်းနေမှုများနှင့် သန့်ရှင်းရေးလုပ်ဆောင်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဒေါက်တာမြဦး သစ်လွင်ဆရာဝန်များအား တွေ့ဆုံမှာကြား

နေပြည်တော် ဧပြီ ၁၀

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ဧပြီ ၃ ရက် မွန်းလွဲပိုင်းတွင် ဆေးတက္ကသိုလ်(၁)ရန်ကုန် စာသင်ဆောင်(၃)၌ ဆေးတက္ကသိုလ်များနှင့် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ သင်ကြားရေးဆေးရုံများမှ ဆေးရုံအုပ်ကြီးများနှင့် ဆေးတက္ကသိုလ်များတွင် သင်ကြားရေးဆရာများအဖြစ် တာဝန်ထမ်းဆောင်မည့် သစ်လွင်ဆရာဝန် ၂၀၀ ခန့်အား တွေ့ဆုံ၍ အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ချင်းပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဟုန်းငိုင်း ဒီဂျစ်တယ်အော်တိုအိတ်ချိန်းဖွင့်ပွဲ တက်ရောက်

နေပြည်တော် ဧပြီ ၁၀

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဒီဂျစ်တယ်အော်တိုအိတ်ချိန်းသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ ရက်တွင် ထန်တလန်မြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအဆောက်အအုံရှေ့၌ကျင်းပရာချင်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဟုန်းငိုင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ဖွင့်လှစ်ကာ အမှာစကားပြောကြားပြီး ဒီဂျစ်တယ်အော်တိုအိတ်ချိန်းသစ်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁-၄-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၂၅	၄။	**ကာတွန်းအစီအစဉ် -ဂြိုဟ်ကမ္ဘာမှသတ္တဝါများ အပိုင်း(၁၃)**
၁၂း၀၀	၅။	**မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် ကောင်းကင်အကြွေ ကောက်တဲ့လက် -ဒွေး၊နန္ဒာလှိုင်**
၁း၅၅	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၂း၀၀	၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မောင်နဲ့သာဆိုရင် အပိုင်း(၃၇)**
၂း၅၅	၈။	အပိတ်နှုတ်ဆက်စကား
၃း၀၀	၉။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မြတ်ဘုရားဒေသနာ ဝိပဿနာတရားတော် တဏှာသင်္ခယသုတ်
၅း၀၀	၄။	မျိုးချစ်တပ်မတော်
၅း၁၀	၅။	မြန်မာသကြန်
၅း၂၀	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၇။	ပျော်ရွှင်စရာသရုပ်ဆောင် ကမ္ဘာ
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀	၉။	နိုင်ငံတကာသတင်း
၆း၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၁။	လျှပ်တစ်ပြက်ရိုက်ချက်
၆း၄၀	၁၂။	ထူးခြားဆန်းပြားကမ္ဘာ တစ်လွှား
၇း၀၀	၁၃။	**ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ကျွန်တော့်ချစ်သူ (အပိုင်း-၂၂)**
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	လူ့ရွှင်တော်ရွှေဖလား
	၁၈။	အင်္ဂလိပ်စာသုတ (English Usage)
	၁၉။	ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
	၂၀။	**ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ကိတ်မုန့်ချစ်သူ (အပိုင်း-၁၃)**
	၂၁။	သင့်အတွက်မနက်ဖြန်
	၂၂။	အပိတ်နှုတ်ဆက်စကား
	၂၃။	ပြီးပါပြီ။

သတိပေးနှိုးဆော်ချက်

(က) နေပြည်တော်အတွင်း မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ၌ ယာဉ်မောင်းများ အောက်ပါအတိုင်း လိုက်နာရန်-

(၁) မူးယစ်သောက်စား၍ ယာဉ်မမောင်းရ။

(၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မမောင်းရ။ လုမမောင်းရ။

(၃) မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များတွင် အိပ်ဇောပိုက် ဖြုတ်မမောင်းရ။

(၄) ယာဉ်နံပါတ်မပါရှိဘဲ မမောင်းရ။

(၅) ယာဉ်ပေါ်တွင် အန္တရာယ်ဖြစ်စေနိုင်သော စီးနင်းလိုက်ပါမှု မပြုလုပ်ရ။

(၆) ဆိုင်ကယ်စီးသူများသည် ဆိုင်ကယ်စီး ဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူမည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

ကြေးမုံ The Mirror ပြည်သူ့ထံမှ ပေးစာများ

အသားများသတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချစေချင်

စာတည်းခင်ဗျား-

ကော့သောင်းမြို့နယ်တွင် ပြည်သူများအား အသားများ ဈေးနှုန်းချိုသာစွာရောင်းချရန် သတ်မှတ်ပေးထားသော်လည်း လိုင်စင်ရဈေးသည်များသည် အသားဈေးနှုန်းများတင်၍ ရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အသားများ သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

စားသုံးသူများ

လက်ဖက်ရည်ဆိုင်မှ ညှော်နံ့နံ

စာတည်းခင်ဗျား-

မှော်ဘီမြို့ မြို့မ(၄)ရပ်ကွက် (၃) လမ်းထိပ်ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်သည် နံနက် ၄နာရီမှ ည ၁၀နာရီအထိ နေ့စဉ်မုန့်များကြော်လျက်ရှိရာ ညှော်နံ့နံခြင်းကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေး ထိခိုက်စေပါသည်။ ထို့အပြင် လမ်းမပေါ်အထိ ဆိုင်ခင်း ရောင်းချနေသောကြောင့် ခရီးသွားလာသူများ အနှောင့်အယှက်ဖြစ်လျက်ရှိပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ညှော်နံ့မခံနိုင်သူ

မိလ္လာကန်ပြည့်လျှံ အမှိုက်များစုပုံ

စာတည်းရှင့်-

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရေတာရှည်လမ်းသစ် တိုက်အမှတ်-၈၅(အေ)၊ ၈၅(ဘီ)နှင့် ၈၅(စီ)တို့ အကြားရှိ မိလ္လာကန်မှာ ပြည့်လျှံနေပြီး အနံ့ဆိုးများထွက်နေသည့်အပြင် စည်းကမ်းမဲ့ အမှိုက်ပစ်ချမှုများကြောင့် လမ်းကြားတွင် အမှိုက်များစုပုံနေပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

သန့်ရှင်းလိုသူ

ညအိပ်ရပ်နားယာဉ်ကြီးများ ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် အမှတ်(၃)လမ်းမကြီး သုဓမ္မာလမ်းမကြီးပေါ်တွင် သုနန္ဒာမှ ကန္ဒာလမ်းအပိုင်းအတွင်း အမှတ်(၄၃)ခရီးသည်တင်ယာဉ်လိုင်းမှ ကားကြီးများသည် ညစဉ် ညအိပ်ရပ်နားထားပါသည်။ အဆိုပါ ညအိပ်ယာဉ်များပေါ်တွင် ဆူညံစွာအော်ဟစ်ပြောဆိုခြင်း၊ ကားပတ်ဝန်းကျင်၌ အညစ်အကြေးများ စွန့်ခြင်းတို့ကြောင့် အနံ့ဆိုးများ ထွက်ပေါ်လျက်ရှိရာ ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက် ဖြစ်နေကြရပါသည်။

သို့ဖြစ်ပါ၍ လမ်းမပေါ်မှ ညအိပ်ရပ်နား ယာဉ်ကြီးများအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ၊ လမ်းသားများ

အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် စမ်း/တောင်ရပ်ကွက် မြင့်မိုရ်လမ်း၊ ဆီဆုံလမ်းနှင့် ပန်းခြံလမ်းတို့တွင် နေ့စဉ်သားငါးများ ရောင်းချနေလျက်ရှိရာ အနံ့ဆိုးများ၊ စွန့်ပစ်အမှိုက်များကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ ကျန်းမာရေးထိခိုက်စေပါသည်။ ဈေးသည်၊ ဈေးဝယ်သူများနှင့် ဆိုက်ကားများကြောင့် ကားများလည်း သွားလာရန် ခက်ခဲနေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ သားငါးရောင်းချနေမှုအား စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

ပီပါခွံထုထောင်းသံ ပတ်ဝန်းကျင်ဆူညံ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၁) ရပ်ကွက် ဘုရင့်နောင်ပွဲရုံတန်း ယုဇနလမ်းရှိ ဇေယျာမွန်အိမ်ရာ တိုက်အမှတ် (၂)မြေညီထပ်ရှိ အခန်းတစ်ခန်းတွင် ပီပါခွံပြုပြင်ခြင်းလုပ်ငန်း လုပ်ကိုင်လျက်ရှိရာ ပီပါခွံများကို မီးဂဟေဆော်၍ အပေါက်ဖာခြင်း၊ စက်မောင်း၍ လေထိုးဖောင်းခြင်း၊ ပုံစံချရန်အတွက် ထုထောင်းခြင်းများကြောင့် ဆူညံသံများ ထွက်ပေါ်နေပါသဖြင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ နေ့စဉ် စိတ်အနှောင့်အယှက်ဖြစ်နေကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ လုပ်ငန်းအား ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အိမ်ရာနေသူများ

ဈေးအိမ်သာထားပေးစေလို

စာတည်းရှင့်-

မြိတ်မြို့တွင် ဈေးငါးဈေး ရှိသည့်အနက် နောက်လယ်ဈေးသည် ဒုတိယဈေးဖြစ်ပါသည်။ အိမ်သာမရှိသည်မှာ ကြာပြီဖြစ်ပါ၍ ဈေးသူ၊ ဈေးသားများ ကျန်းမာရေးထိခိုက်စေပါသည်။ ဆိုင်ခန်းပေါင်း ၄၀၀ ကျော်ရှိသော ဈေးကြီးတွင် ဈေးအိမ်သာမရှိသည့်အတွက် ဈေးသူ၊ ဈေးသားများ အခက်အခဲကြုံနေကြရပါသည်။

သို့ဖြစ်ပါ၍ ဈေးအိမ်သာ အမြန်ဆောက်လုပ်ပေးနိုင်ရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဈေးသူ၊ ဈေးသားများ

ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပါသည်။

မိုးရာသီမတိုင်မီ လမ်းပြုပြင်ပေးပါ

စာတည်းရှင့်-

ဧရာဝတီတိုင်း ဟင်္သာတ-ပုသိမ် အဝေးပြေးလမ်းမကြီး၏ ဟင်္သာတမြို့နယ် လမ်းပိုင်းသည် ပြာကတတ်ရွာ အထွက်မှစ၍ လမ်းပျက်စီးနေပါ၍ မိုးရာသီတွင် ယာဉ်သွားလာရေး အခက်အခဲရှိပါသည်။ ကျေးရွာသူ၊ ရွာသားများ၏ ကျန်းမာရေးအတွက် မိုးမကျမီ ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

ရွာသူ၊ ရွာသားများ

အရက်ဆီရောစပ်အနံ့ဆိုး ရှင်းလင်းပြီးစီး

၈-၁၁-၂၀၀၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် တပင်ရွှေထီးလမ်းမှ **အရက်အဆီရောစပ်ထုတ်လုပ် အနံ့ဆိုးများပျံ့နှံ့** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

စားသောက်ဆိုင် ရှင်းလင်းပြီးစီး

၃၀-၁၁-၂၀၀၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ၄၆ ရပ်ကွက် ဗိုလ်မှူးဗထူးလမ်းပေါ်မှ **စည်းကမ်းမဲ့စားသောက်ဆိုင်စိစစ်ပေးပါ** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

မုန်တိုင်းသင့်ဒေသများသို့ အားကစားပစ္စည်းများလှူဒါန်းနိုင်ရန်အတွက် ရန်ပုံငွေရှာဖွေခဲ့သည့် မြန်မာ-ဘရာဇီး ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲဝင်ငွေမှ ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ အားကစားပစ္စည်းများကို မုန်တိုင်းသင့်ဒေသများမှ လူငယ်လူရွယ်များ အားကစားလေ့ကျင့်နိုင်ရန်အတွက် အားကစားအထောက်အကူပြုပစ္စည်းများကို မြန်မာနိုင်ငံအိုလံပစ် ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးထံ ပေးအပ်လှူဒါန်းစဉ်။ (အား/ကာ)

မုန်တိုင်းသင့်ဒေသများသို့ အားကစားပစ္စည်းများလှူဒါန်းသည့် အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၁၀

မုန်တိုင်းသင့်ဒေသများသို့ အားကစားပစ္စည်းများ လှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကျိုက်ဝိုင်းဘုရားလမ်းရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၌ ကျင်းပရာ နိုင်ငံတော် ဝန်ကြီးချုပ်၏ မှာကြားချက်နှင့်အညီ မုန်တိုင်းသင့်ဒေသများသို့ အားကစားပစ္စည်းများ လှူဒါန်းရန် ရန်ပုံငွေရှာဖွေခဲ့သည့် မြန်မာ-ဘရာဇီး ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲဝင်ငွေမှ ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ အားကစားပစ္စည်းများကို မုန်တိုင်းသင့်ဒေသများမှ လူငယ်လူရွယ်များ အားကစားလေ့ကျင့်နိုင်ရန်အတွက် အလှူငွေနှင့် အလှူပစ္စည်း လက်ခံကြီးကြပ်ရေးအဖွဲ့သို့ ပေးအပ်လှူဒါန်းသည့် အားကစား အထောက်အကူပြုပစ္စည်းများကို မြန်မာနိုင်ငံအိုလံပစ် ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးထံ ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများ နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာဖွယ်ရှိ

ရန်ကုန် ဧပြီ ၁၀

ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင်နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** ချင်းပြည်နယ်၊ကရင်ပြည်နယ်၊စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ၊ ကချင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ရှမ်းပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ ကာ ကျန်ဒေသများတွင် ဧပြီလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** မင်းဘူးမြို့နှင့် မကွေးမြို့တွင် ၄၂ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** လောင်းလုံမြို့တွင် ၁ ဒသမ ၂၆လက်မ၊ ကော့ကရိတ်မြို့တွင် ၁ ဒသမ ၀၆လက်မ၊ ကော့သောင်းမြို့တွင် သုညဒသမ ၈၂လက်မ၊ သထုံမြို့တွင် သုညဒသမ ၇၈လက်မ၊ ထားဝယ်မြို့တွင် သုညဒသမ ၆၃လက်မ၊ မိုင်းဆတ်မြို့တွင် သုညဒသမ ၃၉လက်မ၊ ကသာမြို့တွင် သုညဒသမ ၂၇လက်မနှင့် မော်လမြိုင်မြို့တွင် သုညဒသမ ၂၃လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဧပြီ ၁၁ရက် ညနေထိ ခန့်မှန်းချက်။ ။ ကချင်ပြည်နယ်၊ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ကရင်ပြည်နယ်၊စစ်ကိုင်းတိုင်းအထက်ပိုင်း၊ရန်ကုန်တိုင်း၊ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော် နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာဖွယ်ရာ ရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ဧပြီလ တတိယရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက်။ ။ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း ရန်ကုန်တိုင်းတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိပြီး နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်	
၃၈ဒသမ ၈ဒီဂရီစင်တီဂရိတ်(၁၀၂ဒီဂရီဖာရင်ဟိုက်)	၉-၄-၂၀၀၉
အနိမ့်ဆုံးအပူချိန်	
၂၂ဒသမ သုညဒီဂရီစင်တီဂရိတ်(၇၂ဒီဂရီဖာရင်ဟိုက်)	၁၀-၄-၂၀၀၉
၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၆၁ရာခိုင်နှုန်း	၁၀-၄-၂၀၀၉
နေပူသည့်နာရီပေါင်း ၁၀ဒသမ ၃နာရီခန့်	၉-၄-၂၀၀၉

ဥဿာယူနိုက်တက်F.Cနှင့် မကွေး F.Cတို့ ကစားသမားများခေါ်ယူ

ရန်ကုန် ဧပြီ ၁၀

မြန်မာနေရှင်နယ်လိဂ်သို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပဲခူးတိုင်း ကိုယ်စားပြု ဥဿာယူနိုက်တက် F.C နှင့် မကွေးတိုင်း ကိုယ်စားပြု မကွေး F.Cတို့မှာ ကစားသမားများအား ထပ်မံစာချုပ်ချုပ်ဆို ခေါ်ယူခဲ့ကြသည်။

ဥဿာယူနိုက်တက်က ထပ်မံခေါ်ယူခဲ့သောကစားသမား ခုနစ်ဦးရှိပြီး ကာကွယ်ရေးအသင်းမှ ဂိုးသမား ကိုကိုအောင် ကို လစာငွေကျပ်သုံးသိန်း၊ လက်မှတ်ထိုးကြေး ငွေကျပ် ၁၀သိန်း၊ မြန်မာ့မီးရထားအသင်းမှ ကျော်စိုးလွင်၊ ကာကွယ်ရေးအသင်းမှ ဇော်ဇင်ထက်နှင့် လှထွန်းအောင်တို့ကို လစာငွေကျပ် နှစ်သိန်းစီ၊ လက်မှတ်ထိုးကြေးငွေကျပ် ငါးသိန်းစီ၊ အားကစားဝန်ကြီးဌာနမှ အောင်စိုးပိုင်နှင့် တင်ထွဋ်ဦး၊ သတ္တုတွင်းမှ ညီညီအောင်တို့ကို လစာငွေကျပ် တစ်သိန်းငါးသောင်းစီ၊ လက်မှတ်ထိုးကြေး ငွေကျပ်သုံးသိန်းစီတို့ဖြင့် စာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။ ဥဿာယူနိုက်တက် F.C မှာ လက်ရှိအချိန်ထိ ကစားသမား ၂၃ ဦး ခေါ်ယူပြီးသွားပြီဖြစ်ပြီး လက်မှတ်ထိုးကြေး ငွေကျပ် ၁၁၅ သိန်း အသုံးပြုထားသည်။

ကစားသမားများအား အပြောင်းအရွှေ့စာချုပ် လက်မှတ်ရေးထိုးခွင့်ပြုသည့် ရက်အနည်းငယ်အတွင်းမှာပင် ကစားသမား ၂၈ ဦးကို စာချုပ်ချုပ်ဆိုခဲ့သည့် မကွေး F.C မှာ တတိယအကြိမ်မြောက် ကစားသမားခေါ်ယူမှုအဖြစ် မြန်မာ့လက်ရွေးစင်ဟောင်း ကွင်းလယ်ကစားသမား လွင်ဦးအား ထပ်မံခေါ်ယူခဲ့သည်။ လွင်ဦးကို လက်မှတ်ထိုးကြေး ငွေကျပ် သိန်း ၅၀၊ လစာငွေကျပ် ၁၀သိန်းဖြင့် မကွေး F.C မှ ခေါ်ယူခဲ့ခြင်းဖြစ်သည်။ မကွေး F.C မှာ ကစားသမား ၂၉ ဦး ခေါ်ယူပြီးသွားပြီဖြစ်ပြီး လက်မှတ်ထိုး ကြေးငွေကျပ် ၅၅၅သိန်းအသုံးပြုထားကာ ယင်း ၂၉ဦး၏ လစာမှာ တစ်လလျှင် ငွေကျပ် ၁၅၅ သိန်းရှိကြောင်းလည်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ
စိုးညွန့်(ကြေးမုံ)

လွင်ဦးနှင့် မကွေး F.C စာချုပ် ချုပ်ဆိုစဉ်။

သင့်သွေးဖြင့် အသက်ကယ်ပါ

မြန်မာနိုင်ငံကုန်သည်/စက်မှုအသင်းချုပ်နှင့် မလေးရှားကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံ

ရန်ကုန် ဧပြီ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေးနှင့် တွဲဖက်အတွင်းရေးမှူး(၄) ဒေါက်တာမျိုးသက်၊ တွဲဖက်အတွင်းရေးမှူး(၅) ဒေါက်တာပွင့်ဆန်းနှင့် ဖိတ်ကြားထားသည့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များအား မလေးရှားနိုင်ငံ Malaysia Palm Oil Council နှင့် Felda Delima Oil Products Sdn Bhd မှ အကြံပေးပုဂ္ဂိုလ် Maj. (Retd) Amir Alias ခေါင်းဆောင်၍ အဖွဲ့ဝင်ငါးဦးတို့ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၈ ရက်တွင် အသင်းချုပ်သို့ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေး ကိစ္စ၊ စားအုန်းဆီနှင့် စပ်လျဉ်း၍ အသိပညာပေးဆွေးနွေးပွဲတစ်ခု ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စနှင့် မြန်မာနိုင်ငံသို့ ကုန်ပစ္စည်းများ တင်သွင်းမှုနှင့် စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းများဆိုင်ရာ ကိစ္စတို့ကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒိုက်ဦးမြို့ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ကျင်းပ

ရန်ကုန် ဧပြီ ၁၀

၁၉၀၉ခုနှစ် ဧပြီ ၇ ရက်တွင် စတင်မြို့တည်ခဲ့သော ဒိုက်ဦးမြို့၏သက်တမ်း ၂၀၀၉ ခုနှစ် ဧပြီ ၇ ရက်တွင် နှစ်(၁၀၀) ပြည့်မြောက်ခဲ့သဖြင့် အထိမ်းအမှတ် အခမ်းအနားကို ဒိုက်ဦးမြို့ ကန်ဦးဓမ္မာရုံကြီး၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ ဒိုက်ဦးကန်ဦး အထကရွှေရတုကျောင်းသားဟောင်းများ ပညာရေးပဒေသာပင် ဖောင်ဒေးရှင်း နာယက ဦးဝင်းစိန်၊ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်မြင့်(ငြိမ်း)တို့က မြို့မှတ်တမ်းအခြေအနေ အရပ်ရပ်တို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ (မြောက်ပိုင်း)နှင့် ကချင်ပြည်နယ်တို့တွင် ဘိန်းစိမ်းများ၊ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ်မှ တာဝန်ရှိသူများသည် ဧပြီ ၆ရက် ညနေ ၃ နာရီခန့်တွင် ဆီဆိုင်မြို့နယ် ဝမ်းဟော့ကျေးရွာ တောင်ဘက်သုံးမိုင်ခန့် အကွာနေရာကို ရှင်းလင်းရာ ဘိန်းခင်းခြောက်တစ်ခုကို တွေ့ရှိခဲ့ကြောင်း၊ ထို့နောက် ဘိန်းခင်းခြောက်အနီးရှိ ဦးကံ၏ တောင်ယာတဲကို ဆက်လက်ရှာဖွေရာ သံသေတ္တာအတွင်း ကြွပ်ကြွပ်အိတ်ဖြင့် ထည့်ထားသည့်ဘိန်းစိမ်း ၃ဒသမ ၄၂၉၃ ကီလိုအား သိမ်းဆည်းရမိခဲ့ကြောင်း၊ ဦးကံအား မေးမြန်းစစ်ကြောချက်အရ လွန်ခဲ့သော ငါးလခန့်က ၎င်းကိုယ်တိုင် စိုက်ပျိုးထားသည့် အဆိုပါဘိန်းခင်းမှ ခြစ်ယူထားကြောင်း ဝန်ခံထွက်ဆိုသဖြင့် ၎င်းအား အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

ထို့အတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ် မူးယစ်အထူးအဖွဲ့မှ တာဝန်ရှိသူများသည် ဧပြီ ၆ရက် ည ၁၀နာရီ မိနစ် ၂၀ခန့်တွင် မူဆယ်မြို့ အေရှားဝေါလ်တိုးဂိတ်၌ ရဲဝင်းမောင်းနှင်ပြီး ကျော်ကျော်လှိုင်လိုက်ပါလာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဆိုင်ကယ်နောက် စက္ကူဂျပ်ဖာအတွင်း ပလတ်စတစ်အိတ်ဖြင့် ထုပ်လျက် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၀၀ ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ဆေးပြားများလက်ဝယ်တွေ့ရှိသူ ရဲဝင်း(ခ) အရွှတ်နှင့် ကျော်ကျော်လှိုင်(ခ) ချိုတူးတို့နှစ်ဦးအား အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်တရားခံအား ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အလားတူ ကချင်ပြည်နယ် ဗန်းမော်မူးယစ်အထူးအဖွဲ့မှ တာဝန်ရှိသူများသည် မန်စီမြို့နယ် နန့်အူကြီးကျေးရွာအုပ်စု ဖြူတ်ကိုက်ကျေးရွာနေ ခင်မောင်သန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ အဝါရောင်အဖုံး ဖုံးထားသည့် ပလတ်စတစ်ဘူးအတွင်း အိတ်ငယ်နှင့်ထုပ်လျက် ခတ်ခူး တစ်ဂရမ်စီပါ အထုပ် ၁၈ ထုပ်၊ ဘိန်းစိမ်း ၂၀၀ ဂရမ်ခန့်ရှိ အထုပ်တစ်ထုပ်နှင့် WY စာတန်းပါ နီညိုရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၄၆ ပြားတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ တရားခံခင်မောင်သန်းအား မန်စီ ရဲစခန်း၌ အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၁-၄-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်- ယောဆရာတော်ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၅ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈း၁၅ ၆။ ခါသကြ်န်အဆိုအကများ
- ၈း၃၀ ၇။ International News.
- ၈း၄၀ ၈။ တေးဂီတအစီအစဉ်
- ၈း၅၀ ၉။ ခါသကြ်န်အဆိုအကများ
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ ခါသကြ်န်အဆိုအကများ
- ၁၁း၂၅ ၃။ ချစ်စရာ့တာသကြ်န်
- ၁၁း၅၅ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်း သတင်းစဉ်
- ၁၂း၅၅ ၅။ Yan Can Cook
- ၁း၂၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အားကိုးချစ်သူကျေးတောသူ" (အပိုင်း-၃၇)**
- ၂း၀၀ ၇။ ဆန်းကြယ်ထူးခြားပြိုင်ပွဲများ (Telematch)
- ၂း၃၀ ၈။ ခါသကြ်န်အဆိုအကများ
- ၂း၄၅ ၉။ International News
- ၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄း၂၀ ၃။ တေးဂီတအစီအစဉ်
- ၄း၃၀ ၄။ ခါသကြ်န်အဆိုအကများ
- ၄း၄၀ ၅။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ- ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)**
- ၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၅ ၇။ ခါသကြ်န်အဆိုအကများ
- ၅း၁၀ ၈။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
- ၅း၂၅ ၉။ ချစ်စရာ့တာသကြ်န်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၂။ အလှရှာမယ်၊ လှကမ္ဘာဝယ်
- ၆း၅၅ ၁၃။ ပဉ္စလက်ကျောင်းတော်
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့သက်ထား" (အပိုင်း-၅)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကျေးဇူးတင်ပါတယ်" (အပိုင်း-၂)**
- ၁၉။ အစီအစဉ်ပြီး၏။

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

နေပြည်တော် မြန်မာ့အသံ

စနေနေ့
နံနက်+နေ့လယ်+ည
(၁၁-၄-၂၀၀၉)

၇း၀၀ အဖွင့်တီးလုံး + နှုတ်ခွန်းဆက်၊ နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော် (မင်္ဂလသုတ်) (ဓမ္မပူဇာတေးပဒေသာ)
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန်+သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ လောကနီတိအသိရှိစေဖို့ (ဒေါ်သ)
၈း၄၀ တေးပဒေသာ
၉း၀၀ ဘ၀အသွင်ကဗျာ့အမြင် (ရေကြောင့်လောင်သောမီး)
၉း၁၀ တေးပဒေသာ
၉း၃၀ မွေးနေ့လက်ဆောင်
၉း၄၅ အာဆီယံအစီအစဉ်
၁၀း၀၀ မင်္ဂလာလက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ ကလေးအစီအစဉ် (ပုံပြောပြိုင်ပွဲ-ဝိရိယပုံပြင်) နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၅ ဇာတ်လမ်းပမာနားဆင်စရာ (ပင်လယ်ခြားတဲ့ ပိတောက်)
၁၁း၅၅ တေးပဒေသာ
၁၂း၀၀ စံတော်ချိန် တေးပဒေသာ
၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (တိုင်းကျော်ဌာနေရွှေအင်း၀) နေ့လယ်ခင်းတေးပဒေသာ
၁း၀၀ မွန်းလွဲပိုင်းသတင်း
၁း၁၀ တေးပဒေသာ
၁း၃၀ အစီအစဉ်ပြီး၏။
၄း၀၀ အဖွင့်တီးလုံး + ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၂၀ ဆောင်းပါး (အသိစွမ်းအားရှင်)
၄း၃၀ သောတရှင်လိုရာတေး
၅း၀၀ လေလှိုင်းကြားမှပွဲတင်သံ
၅း၁၅ တေးပဒေသာ
၅း၂၅ သတင်းဆောင်းပါး
၅း၃၀ ခေတ်မရွေးသောတေးများ
၆း၀၀ ညနေခင်းသတင်း
၆း၀၅ တေးချစ်သူရွေးသီတေးပန်းချီ
၆း၃၀ တေးပဒေသာ
၇း၀၀ နိုင်ငံတကာသတင်း ညချမ်းချိန်ခါတေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၇း၃၀ ကျန်းမာရေးရာသိကောင်းစရာ (ဆေးကိုဘာအရည်နဲ့ တွဲသောက်မှာလဲ) တေးပဒေသာ
၇း၄၀ ပြည်တွင်းသတင်း
၈း၀၀ သံစဉ်တေးသွားမေတ္တာစကား စီးပွားရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၈း၃၀ နိုင်ငံတကာအနုပညာ(၄၃)
၉း၀၀ ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀ အစီအစဉ်ပြီး၏။

ချန်ပီယံဆုဖလားအတွက် အားသွန်ရမည်ဖြစ်သလို တန်းဆင်းဇုန်တိုက်ပွဲကလည်း ပြင်းထန်လာဦးမည့် ပရီမီယာလိဂ်ပွဲစဉ်(၃၂) စနေ၊ တနင်္ဂနွေ ပွဲစဉ်များ

ဝင်းတင်(ကြေးမုံ)

ပရီမီယာလိဂ်ပွဲစဉ်(၃၂)ကို ဧပြီ ၁၁ ရက် (ယနေ့ည)နဲ့ ဧပြီ ၁၂ ရက် (တနင်္ဂနွေနေ့)တို့မှာ ကျင်းပမှာ ဖြစ်ပါတယ်။ ယခုတစ်ပတ်မှာလည်း ဇယားထိပ်က အသင်းများ ချန်ပီယံဆုဖလားအတွက် အားသွန်ရမှာဖြစ်သလို စတုတ်စီးတီးနဲ့ နယူးကာဆယ်၊ မစ်ဒယ်ဘရော့နဲ့ ဟူးလ်စီးတီးတို့ရဲ့ တန်းဆင်းဇုန်တိုက်ပွဲကလည်း ပြင်းထန်လာဦးမှာပါ။

ထိပ်တန်းလေးသင်း

ယနေ့(စနေနေ့)ညတွင် ထိပ်တန်းအသင်းကြီးလေးသင်းလုံးရဲ့ ပွဲစဉ်များ ပါဝင်မှာဖြစ်ပြီး လီဗာပူးက ဘလက်ဘန်းနဲ့ အိမ်ကွင်း၊ ချယ်လ်ဆီးက ဘော်လ်တန်နဲ့ အိမ်ကွင်း၊ အာဆင်နယ်က ဝီဂန်နဲ့ အဝေးကွင်း၊ မန်ယူက ဆန်းဒါးလန်းနဲ့ အဝေးကွင်း ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

လီဗာပူးနဲ့ ဘလက်ဘန်း တို့ဟာ ခြေစွမ်းအရ ကွာဟမှုရှိနေပါတယ်။ လီဗာပူးဟာ ဇယားထိပ်က မန်ယူ (တစ်ပွဲလျော့)နဲ့ တစ်မှတ်သာကွာပါတယ်။ ဘလက်ဘန်းကတော့ ရမှတ် ၃၄ မှတ်နဲ့ အဆင့် (၁၄) မှာရှိနေပြီး တန်းဆင်းဇုန် အငွေ့အသက်ကရှိနေပါသေးတယ်။ အိမ်ရှင် လီဗာပူးဟာ ချန်ပီယံလိဂ်မှာ ရလဒ်မကောင်းဖြစ်နေတာကြောင့် ဘင်နီတက်ဇ်အနေနဲ့ ပရီမီယာလိဂ်ဘက်ကို လှည့်လာဖွယ်ရာရှိနေပါတယ်။ ဒါကြောင့် လီဗာပူး ဒီပွဲကို အနိုင်ကစားလိမ့်မယ်လို့ ယူဆရပါတယ်။

ချယ်လ်ဆီးနဲ့ ဘော်လ်တန်တို့ပွဲကလည်း ခြေစွမ်းကွာဟမှု ရှိနေပါတယ်။ ချန်ပီယံလိဂ်မှာ ရလဒ်ကောင်းခဲ့တဲ့ ချယ်လ်ဆီးဟာ သူ့အပေါ်က မန်ယူနဲ့ လီဗာပူးတို့ကို ဆက်လက်ဖိအားပေးနိုင်ရေး ကြိုးစားလာဦးမှာပါ။ ဒ့ါပြင် ချန်ပီယံဖြစ်ခွင့်မျှော်လင့်ချက်ကလည်း ရှိနေပါသေးတယ်။ ဘော်လ်တန်ရဲ့ ခြေစွမ်းက အဝေးကွင်းမစွံလှတာကြောင့် ဒီပွဲမှာ ဒရော့ဘာတို့ အုပ်စုကိုပဲ အားပေးရမှာပါ။

ဆန်းဒါးလန်းနဲ့ မန်ယူ တို့ပွဲဟာ မထင်မှတ်ဘဲ အကြိတ်အနယ်ရှိလာနိုင်ပါတယ်။ ဆန်းဒါးလန်းဟာ ရမှတ် ၃၂ မှတ်ပဲ ရရှိထားသေးပြီး အဆင့်(၁၇)မှာ ရှိနေပါတယ်။ ဒါကြောင့် ဆန်းဒါးလန်းတို့ တန်းဆင်းဇုန်က လွတ်နိုင်ရေးခြေကုန်ထုတ်ရုန်းနေရပါတယ်။ မန်ယူအနေနဲ့ကလည်း လီဗာပူးရဲ့ ဖိအားပေးခြင်းကို ခံနေရတာကြောင့် ဒီလိုပွဲမျိုးကို အနိုင်ကစားထားဖို့ လိုပါလိမ့်မယ်။ ဒါပေမယ့် ဖလားငါးလုံး မျှော်လင့်နေတဲ့ ဆရာကြီးဖာဂူဆန်ရဲ့ မန်ယူဟာချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့မှာ ရလဒ်မကောင်းဖြစ်ခဲ့တာကြောင့် ဒီပွဲကို အာရုံစိုက်နိုင်မလား ဆိုတာစဉ်းစားစရာပါ။ မန်ယူဟာ အဝေးကွင်းဖြစ်တဲ့အပြင် ပွဲကျပ်တွေ ဆက်တိုက်နွှဲနေရတာကြောင့် ဒီပွဲမှာ အိမ်ရှင် ဆန်းဒါးလန်းကို လွယ်လွယ်နဲ့တော့ အနိုင်ရနိုင်မယ်မထင်ပါဘူး။

ဝီဂန်နဲ့ အာဆင်နယ် တို့ ပွဲဟာလည်း ပွဲကောင်းတစ်ပွဲ ဖြစ်လာဦးမှာပါ။ ဝီဂန်အနေနဲ့ ဘာမျှော်လင့်ချက်၊ ဘာဖိအားမှ မရှိပေမယ့် အိမ်ကွင်းမာတဲ့ အသင်းပီပီ အာဆင်နယ်ကို ခံကစားဦးမှာပါ။ ခြေပြန်တက်လာတဲ့ အာဆင်နယ်ကလည်း ချန်ပီယံလိဂ်ဝင်ခွင့် ရရေးခိုင်မာအောင် ကြိုးစားနေပါတယ်။

ဒါပေမယ့် ထိခိုက်ဒဏ်ရာရ ကစားသမားတွေရှိနေတဲ့ အာဆင်နယ်ဟာ ဒီပွဲပြီးရင် ဗီလာရီးယဲလ်နဲ့ ချန်ပီယံလိဂ်နောက်တစ်ဆင့်တက်ရေး အဆုံးအဖြတ်ပွဲကစားရဖို့ ရှိနေပါသေးတယ်။ ဒါကြောင့် ဒီပွဲဟာအာဆင်နယ် နိုင်ခွင့်ရှိပေမယ့် သရေကျသွားမယ်ဆိုရင်လည်း အံ့သြစရာတော့ရှိမယ် မထင်ပါဘူး။

ရာခိုင်နှုန်းများ

ယခုတစ်ပတ်ယှဉ်ပြိုင်မည့် အခြားပွဲစဉ်များတွင် မစ်ဒယ်ဘရော့၊ ပို့စ်မောက်၊ နယူးကာဆယ်နဲ့ ဗီလာတို့ အနိုင်ရရန် ရာခိုင်နှုန်းများနေပြီး စပါးနဲ့ မန်စီးတီးတို့ကတော့ အိမ်ကွင်းမှာ သရေပွဲဖြစ်နိုင်ခြေရှိနေပါတယ်။

ယှဉ်ပြိုင်မည်

ပရီမီယာလိဂ်ပွဲစဉ်(၃၂)အဖြစ် ယနေ့ညတွင် လီဗာပူးနဲ့ဘလက်ဘန်း၊ ချယ်လ်ဆီးနဲ့ ဘော်လ်တန်၊ မစ်ဒယ်ဘရော့နဲ့ ဟူးလ်စီးတီး၊ ပို့စ်မောက်နဲ့ ဝက်စ်ဘရွန်း၊ ဆန်းဒါးလန်းနဲ့ မန်ယူ၊ စပါးနဲ့ ဝက်စ်ဟမ်း၊ ဝီဂန်နဲ့ အာဆင်နယ်၊ စတုတ်စီးတီးနဲ့ နယူးကာဆယ်၊ ဧပြီ ၁၂ ရက်(တနင်္ဂနွေနေ့)တွင် ဗီလာနဲ့ အဲဗာတန်၊ မန်စီးတီးနဲ့ ဖူလ်ဟမ်တို့ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။

ပရီမီယာလိဂ်ပွဲစဉ် (၃၁)အပြီး ရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	မန်ယူ	၃၀	၂၁	၅	၄	၆၈
၂	လီဗာပူး	၃၁	၁၉	၁၀	၂	၆၇
၃	ချယ်လ်ဆီး	၃၁	၁၉	၇	၅	၆၄
၄	အာဆင်နယ်	၃၁	၁၆	၁၀	၅	၅၈
၅	ဗီလာ	၃၁	၁၅	၇	၉	၅၂
၆	အဲဗာတန်	၃၁	၁၄	၉	၈	၅၁
၇	ဝက်စ်ဟမ်း	၃၁	၁၂	၈	၁၁	၄၄
၈	ဝီဂန်	၃၁	၁၁	၈	၁၂	၄၁
၉	ဖူလ်ဟမ်	၃၁	၁၀	၁၀	၁၁	၄၀
၁၀	မန်စီးတီး	၃၁	၁၁	၅	၁၅	၃၈
၁၁	စပါး	၃၁	၁၀	၈	၁၃	၃၈
၁၂	ဘော်လ်တန်	၃၁	၁၁	၄	၁၆	၃၇
၁၃	စတုတ်စီးတီး	၃၁	၉	၈	၁၄	၃၅
၁၄	ဘလက်ဘန်း	၃၁	၈	၁၀	၁၃	၃၄
၁၅	ဟူးလ်စီးတီး	၃၁	၈	၁၀	၁၃	၃၄
၁၆	ပို့စ်မောက်	၃၀	၈	၉	၁၃	၃၃
၁၇	ဆန်းဒါးလန်း	၃၁	၈	၈	၁၅	၃၂
၁၈	နယူးကာဆယ်	၃၁	၆	၁၁	၁၄	၂၉
၁၉	မစ်ဒယ်ဘရော့	၃၁	၆	၉	၁၆	၂၇
၂၀	ဝက်စ်ဘရွန်း	၃၁	၆	၆	၁၉	၂၄

၂၀၀၉ ခုနှစ် မတ်လအတွင်း ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ

နေပြည်တော် ဧပြီ ၁၀

၂၀၀၉ခုနှစ် မတ်လတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့က မူးယစ်ဆေးဝါးအမှုပေါင်း ၂၅၁မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၆၉မှု အလေးချိန် ၃၄ ဒသမ ၉၄၇၁ကီလို၊ ဘိန်းဖြူ ၆၆မှု အလေးချိန် ၂၇ ဒသမ ၇၃၅၂ကီလို၊ ဘိန်းဆီရှစ်မှု အလေးချိန် သုည ဒသမ ၁၈၅၈ ကီလို၊ အဆင့်နိမ့်ဘိန်း ၁၄မှု အလေးချိန် ၁၃ ဒသမ ၉၁၇၃ ကီလို၊ ဆေးခြောက် ၁၉မှု အလေးချိန် ၇၉ ဒသမ ၃၈၈၆ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၈မှု ၃၀၈၄၄၂၇ပြား၊ ဘိန်းစာမှုန့် ၁၃မှု အလေးချိန် ၃၃၂ဒသမ ၀၀၇၅ ကီလို၊ စိတ်ကြွဆေးမှုန့် အလေးချိန် ၂၇၀ ဒသမ ၄ ကီလို၊ အက်ဖီဒရင်း အလေးချိန် ၂၅ ကီလို၊ ဘိန်းစာရည် အလေးချိန် တစ်လီတာ၊ ကေဇင်း အလေးချိန် ၁၂ ဒသမ ၇ကီလို၊ ထရာမဒေါလ် တစ်မှု အတောင့် ၆၀၀၊ အေတီဗင် အပြား ၃၄၀၊ ဒိုင်ယာဇီပမ် တစ်မှု အပြား ၉၀၊အယ်ပရာဇိုလမ် တစ်မှု အပြား ၃၉၁၂၀၊ ဓာတုဆေးရည် အလေးချိန် ၈၆ လီတာ၊ ဓာတုဆေးမှုန့် အလေးချိန် ၁၇ ကီလို၊ အခြားအမှု တစ်မှု ဖမ်းဆီးရမိသည်။

၂၀၀၉ ခုနှစ် မတ်လတွင် အမှုပေါင်း ၂၅၁ မှု ဖမ်းဆီးခဲ့ရာ၌ တရားခံ ကျား ၂၉၁ ဦး၊ မ ၇၇ ဦး စုစုပေါင်း တရားခံ ၃၆၈ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုးလေဝသသိပ္ပံ

လေဆင်နှာမောင်း တိုက်ခတ်မှု ကြိုတင်ဟောကိန်းထုတ်နိုင်မည်

သတင်းလုလင်

ဝါရှင်တန် ဧပြီ ၁၀

လေဆင်နှာမောင်း တိုက်ခတ်မည့် အခြေအနေကို ကြိုတင်ဟောကိန်းထုတ်နိုင်လာစေရန် ရည်ရွယ်လျက် ယင်းဖွဲ့စည်းဖြစ်ပေါ်ပုံကို ကွင်းဆင်းလေ့လာရန် အမေရိကန်သိပ္ပံပညာရှင်များစီစဉ်ထားကြောင်း အင်တာနက် သတင်းတွင် ဖော်ပြထားသည်။

အမေရိကန် ပင်လယ်သမုဒ္ဒရာနှင့် ကမ္ဘာ့လေထုလွှာ လေ့လာရေးဌာနနှင့် အမျိုးသားသိပ္ပံဖောင်ဒေးရှင်းတို့၏စီစဉ်မှုဖြင့် လေဆင်နှာမောင်းလေ့လာရေး သုတေသနလုပ်ငန်းကို မေ ၁၀ရက်မှ ဇွန် ၁၃ရက်အထိ ဆောင်ရွက်မည်ဖြစ်သည်။

လေဆင်နှာမောင်း လေ့လာရေးအဖွဲ့တွင် သိပ္ပံပညာရှင် ၅၀ ပါဝင်မည်ဖြစ်ပြီး ရွှေ့လျားနိုင်သော ရေဒါများတပ်ဆင်ထားသော သုတေသနယာဉ်များကို အသုံးပြုကာ ကွင်းဆင်းလေ့လာမည်ဖြစ်ကြောင်း၊ ၎င်းတို့သည် လေဆင်နှာမောင်းဖြစ်ပေါ်ရာ ဒေသအတွင်း ဝင်ရောက်ကာ လေ့လာတိုင်းတာမှုများ ပြုလုပ်မည်ဖြစ်ကြောင်း အမျိုးသားသိပ္ပံဖောင်ဒေးရှင်း၏ အစီအစဉ် ညွှန်ကြားရေးမှူး စတီဖင်နယ်လ်ဆင်က ပြောကြားသည်။

သိပ္ပံပညာရှင်များအဖွဲ့သည်လေဆင်နှာမောင်း၏ လေတိုက်ခတ်ပုံ၊ အပူချိန်နှင့် စိုထိုင်းဆတို့နှင့် ပတ်သက်၍ အသေးစိတ်လေ့လာမည်ဖြစ်ပြီး ယင်းမုန်တိုင်းများ အဘယ်ကြောင့်ဖြစ်လာသည်ကို စေ့ငုမည်ဖြစ်ကြောင်း၊ အနာဂတ်ကာလတွင် လေဆင်နှာမောင်းတိုက်ခတ်မည့် အခြေအနေနှင့် ပတ်သက်၍ ကြိုတင်ဟောကိန်းထုတ်လာနိုင်ရန် မျှော်မှန်းကြောင်း ၎င်းကပြောကြားသည်။

အမေရိကန်နိုင်ငံ တောင်ဒါကိုတာပြည်နယ် တောင်ပိုင်း၊ အိုင်အိုဝါပြည်နယ် အနောက်ပိုင်း၊ ကော်လိုရာဒိုပြည်နယ် အရှေ့ပိုင်း၊ နီဘရာဆကာပြည်နယ်၊ ကင်းဆပ်ပြည်နယ်တို့တွင် လေဆင်နှာမောင်း တိုက်ခတ်ပုံများကို လေ့လာရန် စီစဉ်ထားသည်။ **အင်တာနက်။**



အမေရိကန်ပြည်ထောင်စုတွင် တော်နေဒိုးခေါ် လေဆင်နှာမောင်းတိုက်ခတ်မှုကို တွေ့မြင်ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

"IT'S SUMMER AGAIN! TIME FOR MAX"

မက်(စ်) အချိုရည် ကုမ္ပဏီမှ ကျန်းမာရေးဝန်ကြီးဌာန၏ FDA အမှတ်စ၄/၉၉၀၀၇/ထလ ထောက်ခံချက်ဖြင့် အရည်အသွေးစံချိန်စံညွှန်းပြည့်မီစွာ ထုတ်လုပ်ထားပါသဖြင့်အများပြည်သူများယုံကြည်အားထားစိတ်ချစွာ သောက်သုံးနိုင်ပါသည် ၊ ဝယ်ယူအားပေးနေကြသော မိတ်ဟောင်းမိတ်သစ်ဆိုင်များအား သကြၤန်ရက်အတွင်း လိုအပ်ပါက ဖုန်း 01-685252 , 685095 , 244103 နှင့် 09 5111766 သို့ ဆက်သွယ် မှာယူနိုင်ကြောင်းနှင့် အစဉ်ကြိုးစားလျက် အကောင်းဆုံးဝန်ဆောင်မှုများဖြင့် အရောက်ပို့ပေးနေပါကြောင်းသတင်းကောင်းပါးအပ်ပါသည် ။

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

မိတ္ထီလာမြို့နေ
အရာခံဗိုလ်တင်ဝင်း တပ်မတော်(လေ)-ဒေါ်ကြင်စီ(အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)
တို့၏သားငယ်

ဗိုလ်ကြီးအောင်သူရဝင်း
B.E(Chemical), (D.S.T.A)
M.E (Cement), MUCTR

နှင့်

ရန်ကုန်မြို့နေ
ဦးဇော်ဌေး(ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန၊ အောက်မြန်မာပြည်)-
ဒေါ်ခင်ထားမေ(တွဲဖက်ပါမောက္ခ၊ စီးပွားရေးပညာဌာန၊ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်)
တို့၏သမီး

ဒေါက်တာ နန်းယုဇနဇော်
M.B.,B.S (Ygn)
Diploma In Accounting (UK)
တာဝန်ခံဆရာဝန်(တောင်ဒဂုံလူမှုဖူလုံရေးဆေးခန်း)

တို့၏ ၄-၄-၂၀၀၉ ရက်(စနေနေ့)တွင် Traders Hotel (Myanmar Ballroom) ၌ ကျင်းပပြီးစီးသော မင်္ဂလာညှော်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်ဇနီး ဒေါ်ကြင်မြိုင်၊ မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ချမ်းမြေ့သီတဂူ ဦးနိုင်ဦး (မိဘရိပ်)နှင့်ဇနီး သီရိသုဓမ္မသီဂီ ဒေါ်အေးသိန်း၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြပါသော စစ်ဘက်နယ်ဘက်မှအရာရှိကြီးများနှင့်ဇနီးများ၊ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ကိုယ်တိုင်တက်ရောက် မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ကြပါသော အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့်ဇနီးဒေါ်ဝင်းဝင်းမော်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်ဇနီး ဒေါ်တင်မမထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာပန်းကြနှင့် မင်္ဂလာလက်စွပ် ကိုင်ဆောင်ပေးပါသော ဒေါက်တာဆုမြင့်တင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးပါသော ဒေါက်တာခင်စန္ဒာဝင်း၊ သတို့သားအရံ ဗိုလ်ကြီးဇော်ရဲထွဋ်နှင့် ဗိုလ်ကြီးအောင်မျိုး၊ သတို့သမီးအရံ ဒေါက်တာယဉ်နွဲ့ဟန်နှင့် ဒေါက်တာဝင်းမြကြေးမုံဝင်းတို့အားလည်းကောင်း၊ မင်္ဂလာ အခမ်းအနားမှူး ဦးဝင်းတင်၊ မင်္ဂလာအခါတော်ပေးတေးသံရှင် ဒေါ်စိမ်းမို့မို့၊ မင်္ဂလာတေးသံသာThe Aces Band၊ ဓာတ်ပုံနှင့်ဗီဒီယို စိုင်းဘုန်းထူးနှင့်အဖွဲ့၊ လက်ဝတ်ရတနာ မင်္ဂလာဝတ်စုံနှင့်မိတ်ကပ်အလှဖန်တီးရှင် မိတ်ကပ်ထူးချွန်ပညာရှင်တိုးတိုး (Cover Mark) တို့အားလည်းကောင်း၊ Traders Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ၃-၄-၂၀၀၉ရက် (သောကြာ)နေ့တွင် ရန်ကုန်မြို့၊ အင်းယားလမ်း၊ ခြံအမှတ်(၂၁) နေအိမ်၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော ရန်ကုန်တိုင်း တရားမတရားစီရင်ရေးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဝင်းအားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အထူးကူညီဆောင်ရွက်ပေးကြပါသော ဗိုလ်ကြီး အောင်ဇော်လင်းနှင့် ဇနီး ဒေါ်ခင်မြတ်ကြူ၊ ဦးစိုင်းဘုန်းထူးနှင့်ဇနီး ဒေါ်ဖြူဖြူညွှန့်၊ ဦးကြည်သိန်းကိုနှင့်ဇနီး ဒေါ်နီနီစန်းတို့နှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးအောင်သူရဝင်း-ဒေါက်တာနန်းယုဇနဇော်

နွေရာသီဝူရှူးသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၀

အားကစားဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်က ကြီးမှူး ဖွင့်လှစ်ခဲ့သည့် ၂၀၀၉ ခုနှစ် နွေရာသီ ဝူရှူးသင်းတန်ဆင်းပွဲကို ယနေ့မွန်းလွဲ ၂နာရီက စမ်းချောင်းမြို့နယ် ပဒုမ္မာကွင်းရှိ အဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းက သင်တန်းဆင်း အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က သင်တန်းဆင်း လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များက နွေရာသီဝူရှူး သင်တန်းမှ ထူးချွန်အားကစားသမားများအား ဆုများပေးအပ်ချီးမြှင့်သည်။ ယင်းနောက် မြန်မာ့လက်ရွေးစင်၊ လူငယ်လက်ရွေးစင်နှင့် မျိုးဆက်သစ် ဝူရှူးအားကစားသမားများက သရုပ်ပြသကြပြီး အား/ကာ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် ဥက္ကဋ္ဌဒေါက်တာစိုင်းဆမ်ထွန်းတို့က နှုတ်ဆက်အားပေးကြသည်။**(အောက်ပုံ)**

မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်အနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် ဆောင်ပုဒ်နှင့်အညီ လူငယ်လူရွယ်များ အားကစားကို စိတ်ဝင်စားလေ့လာရန်အတွက် ယခုနွေရာသီသင်တန်းကို ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။ အဆိုပါသင်တန်းကို မတ် ၃ ရက်မှ ဧပြီ ၁၀ရက်အထိ နေရာ ၁၆ ခုတွင် ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၁၀၀၀ တက်ရောက်ခဲ့ကာ ဝူရှူးအဖွဲ့ချုပ်မှ ဖွင့်လှစ်သော နွေရာသီသင်တန်းများအနက် သင်တန်းသားဦးရေ အများဆုံး တက်ရောက်ခဲ့သော နှစ်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

တင်တင်အေး-ထိပ်တန်းမုန့်ဟင်းခါး

ဆိုင်အမှတ်(၃) ပြောင်းရွှေ့ဖွင့်လှစ်ခြင်း

အကောင်းကြိုက်သူများအတွက် တင်တင်အေး ထိပ်တန်းမုန့်ဟင်းခါး ရန်ကင်းဆိုင် အမှတ်(၃)ကို ယခုအမှတ်-၃၉ အနောက်မြင်းပြိုင်ကွင်းလမ်း ဗဟန်းမြို့နယ် (တာမွေအဝိုင်းထိပ်မှတ်တိုင်အနီး) သို့ ၁၀-၄-၂၀၀၉ ရက်တွင် ပြောင်းရွှေ့ ဖွင့်လှစ်ပါမည်။

ဆိုင်အမှတ်(၃) ဖုန်း-၀၉-၅၁၁၆၇၁၁၊ အိမ်ဖုန်း-၆၆၀၆၄၉

မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်၍ အများပြည်သူ သုံးစွဲရန်မသင့်ကြောင်း ကြေညာခြင်း

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန် ကောင်းမွန်ပြီး ဘေးဥပဒ် အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

ယင်းသို့ စစ်ဆေးရာတွင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးများသည် တိုင်းရင်းဆေးဝါး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်၍ စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သည့် ဆေးဝါးများဖြစ်ကြောင်း အများပြည်သူ သုံးစွဲရန်မသင့်လျော်ကြောင်း အသိပေးအပ်ပါသည် -

စဉ်	ဆေးဝါးအမည်	ထုတ်လုပ်/ဖြန့်ချိရာဌာန
၁။	မောင်ကျန်တတို့ ချိုးကျ၊ခွဲကြေ၊လေနိုင် ဆေးလျက်ဆား	အမှတ်(၇၅၅)၊ ဦးစလမ်း၊ သာယာအေးရပ်၊ မော်လမြိုင်မြို့
၂။	ခြင်္သေ့မင်းအမှတ်တံဆိပ် ဆင်တုံးမနွယ်အစာကြေ လေနိုင်ဆေး	လိပ်စာဖော်ပြထားခြင်းမရှိ
၃။	ချမ်းအေး ဝမ်းဖော ဝမ်းရောင်ပျောက်ဆေး	ချမ်းအေးဆေးတိုက် ၁၄၈၊ ကျုံးကြီးလမ်း၊ ရန်ကုန်မြို့
၄။	ရွှေကျား ခေါင်းကိုက်ပျောက်ဆေး	လိပ်စာဖော်ပြထားခြင်းမရှိ
၅။	အဆစ်ပုံအမှတ်တံဆိပ် မှင်ဆေးနှင့်အဆစ်အမြစ် ကိုက်ခဲပျောက်ဆေး	ကျောက်ကုန်းထိပ်၊ ရန်ကင်းမြို့နယ် ရန်ကုန်မြို့
၆။	၅မိနစ်အပူကျ ဖျားနာကိုက်ခဲပျောက်ဆေး	လိပ်စာဖော်ပြထားခြင်းမရှိ
၇။	ပန်းပွင့်ပုံ မှင်ဆေးနှင့် အကိုက်အခဲပျောက်ဆေး	၇၆၊ မာလာမြိုင်(၃)လမ်း၊ (၁၆) ရပ်ကွက်၊လှိုင်မြို့နယ်၊ ရန်ကုန်မြို့ တင်ဝင်းဆေးဆိုင်၊ ကလော့သော့၊ မုဒုံမြို့
၈။	ဖိုးကံကောင်း အဆုတ်သန့် ချောင်းဆိုးပျောက်ဆေး	၆၂၀၊ ၈လမ်း၊ တိုးချဲ့မုပွန်ရပ်၊ မော်လမြိုင်မြို့
၉။	မြပန်းဝတ်ရည် ကလေးသူငယ်နာ ဝမ်းပုပ်ချဆေး	၅၈၊ ဇေတဝန်လမ်း ကွမ်ကသောင်ရပ်၊ မုဒုံမြို့

အများပြည်သူတို့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသောဆေးဝါးများကို ဝယ်ယူခြင်း မပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူ သုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

ဆေးဝါးဖြန့်ဖြူးသည့်လုပ်ငန်းများ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့)/ရန်ကင်းပညာရေးကောလိပ် အငှမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၁၀

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့)/ရန်ကင်း ပညာရေးကောလိပ် ကျောင်းသားကျောင်းသူဟောင်းများ၏ အငှမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၁ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ သိပ္ပံဖွင့်လှစ်ခဲ့သည့် ၁၉၄၇ ခုနှစ်မှစ၍ ယနေ့အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် (၆၀)ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ အပူဇော်ခံ ကြွရောက်ကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဦးနု ဖုန်း-၆၃၈၃၅၅၊ ဦးသာအောင်ကျော် ဖုန်း-၃၉၆၁၀၂၊ ဒေါ်ချိုချို ဖုန်း-၀၉-၅၁၇၂၃၄၂၊ ဦးလှထွန်း ဖုန်း-၅၄၈၉၇၉၊ ဦးအောင်ချိန် ဖုန်း-၀၂-၆၄၆၁၄၊ ဦးရန်နောင် ဖုန်း-၆၄၄၁၉၈၊ ဦးအေးလွင် ဖုန်း-၂၁၂၉၆၉၊ ဒေါ်အေးအေးစိုး ဖုန်း - ၀၆၇-၄၀၇၂၇၄၊ ဒေါ်ယဉ်ယဉ်လှဲ့ ဖုန်း-၅၆၁၅၆၅၊ ဦးသိန်းလွင် ဖုန်း-၄၀၀၁၆၂၊ ဦးကြည်ဝင်း ဖုန်း-၇၂၀၂၆၉၊ ဦးကျော်တင့် ဖုန်း-၅၇၁၃၄၀၊ ဦးစိုးတင့် ဖုန်း-၃၈၉၆၄၇၊ ဦးကျော်ဒွေး၊ ဒေါ်မေစံပယ်ဖြူနု ဖုန်း-၃၉၅၂၇၇၊ ဒေါ်ဟေမာဝေ ဖုန်း-၂၀၂၈၄၆ တို့သို့ ဧပြီ ၂၅ ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အထက(၂)လမ်းမတော်(ယခင်မြမာလာ)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒသမအကြိမ်အာစရိယပူဇော်ပွဲတွင် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွှန့်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများက အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ဂါရဝပြုလက်ဆောင် ပေးအပ်စဉ်။ (ကြေးမုံ)

ဧပြီ ၉ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ဂဠုန်ရပ်ကွက်အတွင်း မူခင်းကျဆင်းရေး ရက်သတ္တပတ် ပူးပေါင်းဆောင်ရွက်မှု အသိပညာပေးဟောပြောပွဲကို ဂဠုန်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင့်ဝေ ပညာပေးဟောပြောစဉ်။ (မြန်မာနိုင်ငံရဲတပ်ဖွဲ့)

ဘီးလင်းမြို့နယ်၌ သောင်းကျန်းသူများ ထောင်ထားသော နင်းမိုင်းတစ်လုံး ပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဧပြီ ၁၀

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဇီးဝန်းကျေးရွာနေ မောင်ခုက္ကူသည် ဧပြီ ၈ ရက် နံနက် ၁၁ နာရီခန့်တွင် အခြားရွာသားသုံးဦးနှင့်အတူ ရွှေရောင်ပြတောင်၌ ဟင်းသီးဟင်းရွက်ခူးပြီး ပြန်လာစဉ် သောင်းကျန်းသူများ ထောင်ထားသော နင်းမိုင်းတစ်လုံး နင်းမိပေါက်ကွဲသဖြင့် ယာခြေမျက်စိအထက်ပြတ်၊ ဝဲပေါင်နှစ်လက်မခန့် ကွဲပြတ်ဒဏ်ရာများ ရရှိခဲ့သဖြင့် ဘီးလင်းဆေးရုံသို့ တက်ရောက်ကုသလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချီတက်အလေးပြု

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးအား ဗိုလ်လောင်းတပ်ခွဲများက ချီတက်အလေးပြုကြစဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား၌ မိန့်ခွန်းပြောကြား

နေပြည်တော် ဧပြီ ၁၀

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ထောက်ချုပ် ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှဌေးဝင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ဌေးဦး၊ ဗိုလ်မှူးချုပ်လွန်းသီနှင့် ဗိုလ်မှူးချုပ်သိန်းအောင်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်း၊ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဗိုလ်ချုပ်မြဝင်း၊ ဗိုလ်မှူးချုပ်လှမြင့်၊ ဗိုလ်မှူးချုပ်သန်းစိုး၊ ဗိုလ်မှူးချုပ်မောင်မောင်အုန်း၊ ဗိုလ်မှူးချုပ်ညဏ်ထွန်း၊ ဗိုလ်ချုပ်သန်းဌေးနှင့် ဗိုလ်ချုပ်စိန်လင်း၊ ကလောတပ်နယ်မှ ဗိုလ်မှူးချုပ်မောင်မောင်အေး၊ ဗထူးတပ်နယ်မှူးနှင့် တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ရဲအောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

လာမည့် ၂၀၁၀ ပြည့်နှစ်မှာ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကို စနစ်တကျ ကျင်းပပေးသွားမည် အချို့နိုင်ငံတွေမှာ ဒီမိုကရေစီကျင့်စဉ် ရင့်ကျက်ခြင်းမရှိသေးတဲ့အတွက် ရွေးကောက်ပွဲကာလမှာ ပြိုင်ဘက်ချင်း ပုတ်ခတ်စည်းရုံးကြရာက ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်မှုတွေဖြစ်ပြီး တိုင်းပြည်မငြိမ်မသက်ဖြစ်လေ့ရှိ

ဒီမိုကရေစီကျင့်စဉ် ရင့်ကျက်ခြင်းမရှိသေးခင် ပြန်လည်ပျက်ယွင်းသွားခြင်း မရှိရအောင် အစိုးရ၊ ပြည်သူနဲ့တပ်မတော်တို့ လက်တွဲပြီး ဝိုင်းဝန်းစောင့်ရှောက်ပေးဖို့လိုအပ်

နေပြည်တော် ဧပြီ ၁၀

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ရဲဘော်တို့-

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၂) ဆင်းပွဲမှာ ရဲဘော်တို့ သိသင့်သိထိုက်တာတွေကို အလေးအနက် မှာကြားသွားမှာဖြစ်တယ်။

ရဲဘော်တို့-

ဒီသင်တန်းမှာ ဥပဒေဘွဲ့၊ စီးပွားရေးပညာဘွဲ့၊ စိုက်ပျိုးရေးပညာဘွဲ့ စသဖြင့် တပ်မတော်အတွက် လိုအပ်တဲ့ ပညာရပ်ဆိုင်ရာ တိုက်ရိုက်ဗိုလ်လောင်းများနဲ့ တပ်တွင်းက သတ်မှတ်အရည်အချင်းနဲ့ ကိုက်ညီလို့ ချီးမြှောက်ခြင်းခံရတဲ့ စစ်မှုထမ်း ဗိုလ်လောင်းများ ပါဝင်တက်ရောက်ခဲ့ကြတာဖြစ်တယ်။

ရဲဘော်တို့ဟာ **တပ်မတော်(ကြည်း)တွင် စွမ်းရည်ပြည့်ဝသော အရာရှိများဖြစ်ပေါ်လာစေရန်နှင့် ခြေလျင်တပ်စုတစ်စုအား ပိုင်နိုင်စွာ ဦးစီးကွပ်ကဲ၍ စစ်မြေပြင်တွင် တိုက်ပွဲဝင်နိုင်ရန်** ဆိုတဲ့ သင်တန်းရဲ့ ရည်ရွယ်ချက်နဲ့အညီ လေ့ကျင့်အောင်မြင်ခဲ့ကြပြီးဖြစ်တဲ့အတွက် တပ်မတော်မှာ ခေါင်းဆောင်ငယ်များအဖြစ် ခန့်အပ်ခြင်းခံကြရတော့မှာဖြစ်တယ်။

ရဲဘော်တို့-

တပ်မတော်မှာ ခေါင်းဆောင်ငယ်များအဖြစ် စတင်ထမ်းဆောင်ကြရမယ့် ရဲဘော်တို့ကို စစ်ဘက်ခေါင်းဆောင်မှုနဲ့ပတ်သက်လို့ အနည်းငယ်ပြောကြားလိုတယ်။ ယခုလို ခန့်အပ်ခံရခြင်းဖြင့် ရာထူးကိုသာရနိုင်ပြီး လက်အောက်ငယ်သားများရဲ့ လေးစားယုံကြည်မှုကိုရမှသာ ခေါင်းဆောင်အရာကို ရရှိမှာဖြစ်တယ်။ ဒါကြောင့် အခြေခံအားဖြင့် ခေါင်းဆောင်မှုအင်္ဂါရပ်(၁၆)ရပ်နဲ့ ပြည့်စုံကြရမယ်။ ထို့အတူပဲ စစ်ဘက်တာဝန်ဆိုတာ အခြေအနေတစ်ရပ်ရပ်နဲ့ သူတင်ကိုယ်တင် လက်တွေ့ယှဉ်ပြိုင်ထမ်းဆောင်ရတာမျိုးဖြစ်တဲ့အတွက် ကာယအား၊ ဉာဏအား စတဲ့ ဗလငါးတန်အရာမှာ မိမိငယ်သားများက လေးစားယုံကြည်လောက်အောင်ကြီးမားဖို့လိုအပ်တယ်။ ခေါင်းဆောင်အဖြစ်ကို ရရှိဖို့အတွက် မိမိကိုယ်မိမိ တည်ဆောက်ယူကြရမယ်။ ဒီလိုတည်ဆောက်ရာမှာ လူပြိန်းကြိုက်ခေါင်းဆောင်မှုမျိုးမဖြစ်စေဘဲ စစ်မှန်တဲ့ ခေါင်းဆောင်မှုမျိုးကို တည်ဆောက်မှသာ

စာမျက်နှာ ၉ ကော်လံ ၁ သို့ ★